# အခန်း (၁)
# အဆိုပညာ

အခန်း (၁) အဆိုပညာတွင် သတ္တမတန်းကျောင်းသားများ လေ့ကျင့်သင်ယူရန်အတွက် "ကလပ်ကြီးကြိုး" (သီတာ) သီချင်းနှင့် "နှလုံးသားကို အလှုဆင်ပါ" သီချင်းတို့ပါဝင်ပါသည်။ ဆဋ္ဌမတန်းတွင် "ပုစဉ်းတောင်သံကြိုး" (ထံတျာတေရှင်) သီချင်းနှင့် "မြန်မာပြည်သား" သီချင်းတို့၏ အဓိပ္ပာယ်ကို သိရှိပြီး သံစဉ်စည်းဝါးမှန်ကန်စွာဖြင့် ခံစားသီဆိုခြင်း၊ သရုပ်ဖော်ခြင်းနှင့် ဂီတသင်္ကေတရွတ်ဆိုခြင်းတို့ကို သင်ယူခဲ့ပြီးဖြစ်သည်။

"ကလပ်ကြီးကြိုး" (သီတာ) သီချင်း၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး သံစဉ်စည်းဝါး မှန်ကန်စွာ သီဆိုတတ်မည်။ "နှလုံးသားကို အလှုဆင်ပါ" သီချင်း၏ အဓိပ္ပာယ်ကို သိရှိမည်။ သင်္ကေတကို ကြည့်၍ မှန်ကန်စွာရွတ်ဆိုတတ်ပြီး သံစဉ်စည်းဝါးမှန်ကန်စွာ ခံစားသီဆိုတတ်မည်။ မဟာဂီတသီချင်းနှင့် မြန်မာသံစဉ်ကာလပေါ် သီချင်းတို့ကို မြတ်နိုးတန်ဖိုးထားတတ်လာမည်။ ဂီတအနုပညာကို မြတ်နိုး တန်ဖိုးထား၍ ထိန်းသိမ်းစောင့်ရှောက်တတ်လာမည်။

## ၁-၁ "ကလပ်ကြီးကြိုး" (သီတာ) သီချင်း

### ၁-၁-၁ "ကလပ်ကြီးကြိုး" (သီတာ) သီချင်းကို နားထောင်ပြီး အဓိပ္ပာယ်ကို လေ့လာခြင်းနှင့် ဆွေးနွေးခြင်း

"ကလပ်ကြီးကြိုး" (သီတာ) သီချင်းသည် မြန်မာ့ဂီတ၏ အခြေခံအကျဆုံးသော စည်းဖြစ်သည့် ဝါးလတ်စည်းဖြင့် တီးခတ်သီဆိုရသော သီချင်းဖြစ်သည်။ ဝါးလတ်စည်း၏ အဓိပ္ပာယ်ကို ဆဋ္ဌမတန်းတွင် သင်ကြားခဲ့ပြီးဖြစ်သည်။ "ကလပ်ကြီးကြိုး" (သီတာ) သီချင်းသည် ဝန်ကြီးပဒေသရာဇာ ရေးဖွဲ့ထားသော တေးသီချင်းဖြစ်သည်။

DBE BOX



## " ကလပ်ကြီးကြိုး " (သီတာ) သီချင်း သရုပ်ဖော်ပုံ

"ကလပ်ကြီးကြိုး" (သီတာ) သီချင်း အစမှအဆုံးအထိ ဆရာဆိုပြသည် သို့မဟုတ် သီချင်းဖွင့်ပြသည်ကို စာသားအားကြည့်၍ သေချာစွာနားထောင်ပါ။ သီချင်းစာသားများအားကြည့်၍ အသံနေအသံထားနှင့် စည်းဝါးမှန်ကန်စေရန် ဂရုတစိုက် နားထောင်ပါ။ သီချင်းစာသားများနှင့် သီချင်းကို ကြည့်ရှုနားထောင်ပြီး အပိုဒ် (၁) မှ အပိုဒ် (၆) အထိ မည်သို့သိရှိနားလည်သည်ကို အုပ်စုဖွဲ့၍ ဆွေးနွေးပါ။ ဆရာနှင့်အတူ အပြန်အလှန်ဆွေးနွေးပါ။

"ကလပ်ကြီးကြိုး" (သီတာ) သီချင်း အစမှအဆုံးအထိ ဆရာဆိုပြသည် သို့မဟုတ် သီချင်းဖွင့်ပြသည်ကို သေချာစွာနားထောင်ပြီး သိရှိနားလည်မှုအပေါ် မည်သို့ခံစားရသည်ကို အုပ်စုဖွဲ့၍ ဆွေးနွေးပါ။ ဆရာနှင့်အတူ အပြန်အလှန်ဆွေးနွေးပါ။ သီချင်း၏ အဓိပ္ပာယ်နှင့် မည်သို့ခံစားရပုံကို ဆွေးနွေးပါ။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | + | - | + | - | + | - | + | - |
| | | စည်းနဲ့ | ဝါး | စည်းနဲ့ | ဝါး | စည်းနဲ့ | ဝါး | စည်းနဲ့ |
| | + | - | + | - | + | - | + | - |
| | ဝါး | စည်းနဲ့ | ဝါးလေး | စည်းနဲ့ | ဝါး | စည်းနဲ့ | ဝါးလေး | စည်းနဲ့ |
| | + | - | + | - | + | - | + | - |
| ၁။ | သီ | တာ | သီ | တာ | | မြ | သား | |
| | + | - | + | - | + | - | + | - |
| | ကြာ | ကြာ | ကြာ | ငါး | ပါး | | | |
| | + | - | + | - | + | - | + | - |
| ၂။ | ကမ်း | နား | ကမ်း | နား | | ဝန်း | ကျင် | |
| | + | - | + | - | + | - | + | - |
| | ငွေ | | သဲ | | ပြင် | လေ | တည့် | မှ |
| | + | - | + | - | + | - | + | - |
| | ပျော် | တည့် | ပျော် | ချင် | ဖွယ် | | | |
| | + | - | + | - | + | - | + | - |
| ၃။ | မြစ် | တွေး | မြစ် | တွေး | | စင် | ရော် | |
| | + | - | + | - | + | - | + | - |
| | မြူး | တည့် | မြူး | စံ | ပျော် | | | |
| | + | - | + | - | + | - | + | - |
| ၄။ | | ငှက် | တော် | လေ | | ကြိုး | ကြာ | |
| | + | - | + | - | + | - | + | - |
| | ကျူး | | ရင့် | ရင့် | သာ | | | |
| | + | - | + | - | + | - | + | - |
| ၅။ | | လိပ် | ပြာ | လေး | | ပျံကာ | သွား | |
| | + | - | + | - | + | - | + | - |
| | ဟို | မှာ | သည် | မှာ | နား | | | |
| | + | - | + | - | + | - | + | - |
| ၆။ | ရေ | | ပေါ် | မှာ | လွှား | | ပါ | လို့ |
| | + | - | + | - | + | - | + | - |
| | ကြာ | | ဆံ | ကို | စား | | ပါ | လို့ |
| | + | - | + | - | + | - | + | - |
| | ဝဲ | | ကာ | | ပျံ့ | လေ | တည့် | မှ |
| | + | - | + | - | + | - | + | - |
| | ဝဲ | | ကာ | | ပျံ့ | | | |

# “ သီတာ ”


## ကလပ်ကြီးကြိုး

## (သင်္ကေတနှင့် စာသား)


**တေးပြုစာဆို – ဝန်ကြီးပဒေသရာဇာ**




DBLBOX


L.H L.H L.H
| 31 31 | 2 31 | 2 54 | 4 4 | 7 4 :||
တည့် မှ ပျော် တည့် ပျော် ချင် ဖွယ် . . .
||: 5 41 | 4 37 | 0 21 | 1 1 |
မြစ် တွေး မြစ် တွေး စင် ရော်
||: 7 64 | 7 21 | 1 1 | 4 1 :||
မြူး တည့် မြူး စံ ပျော်
||: 0 31 | 24 44 | 05 74 |
ငှက် တော် လေ ကြိုး
| 4 4 | 5 5 | 31 31 | 4 4 | 7 4 :||
ကြာ ကျူး ရင့် ရင့် သာ

DBE BOX


0 55 | 22 44 | 45 43 | 1 1
လိပ် ပြာ လေး ပျံ ကာ သွား
2 41 | 2 41 | 1 1 | 4 1
ဟို မှာ သည် မှာ နား
7 1 | 4 37 | 2 15
ရေ ပေါ် မှာ လွှား
5 64 | 7 1 | 4 37 | 2 15 | 5 64
ပါ လို့ ကြာ ဆံ ကို စား ပါ လို့
5 5 | 7 7 | 21 11 | 7 64
ဝဲ ကာ ပျံ လေ တည့် မှ

DBLBOX




**အဓိကအချက်များ**

- ဝါးလတ်စည်းဖြင့် တီးခတ်သီဆိုရမည်။
- အပိုဒ် (၁)၊ အပိုဒ် (၂) နှင့် အပိုဒ် (၃) တို့သည် ဝါးရိုက်ချက်တွင် စတင်သီဆိုရမည်။
- အပိုဒ် (၄) နှင့် အပိုဒ် (၅) တို့သည် စည်းရိုက်ချက်တွင် စတင်သီဆိုရမည်။
- အပိုဒ် (၆) သည် ဝါးရိုက်ချက်တွင် စတင်သီဆိုရမည်။
- ရပ်နားရမည့် စည်းဝါး၊ အသံရှိန်ဆွဲ၍ သီဆိုရမည့် စည်းဝါးကို ဂရုစိုက်သီဆိုရမည်။
- စည်းနှင့် ဝါးကို စည်းချိန်မှန်ကန်စွာ တီးခတ်နိုင်ရန် သတိပြုရမည်။
- ပတ်ဝန်းကျင်၏ တောတောင်ရေမြေ သဘာဝအလှတရားများကို မဟာဂီတအခြေခံသံစဉ်များဖြင့် ရေးဖွဲ့ထားသောသီချင်းဖြစ်သည်။

**လေ့ကျင့်ရန်လုပ်ငန်းများ**

၁။ အဖွဲ့ နှစ်ဖွဲ့ သို့မဟုတ် သင့်လျော်သောအဖွဲ့များဖွဲ့၍ တစ်ဖွဲ့ချင်းက "ကလပ်ကြီးကြိုး" (သီတာ) သီချင်း၏အဓိပ္ပာယ်ကို မိမိနားလည်သည့်အတိုင်း အဖွဲ့လိုက်ဆွေးနွေး၍ ပြန်လည်တင်ပြပါ။

၂။ တစ်ဖွဲ့က ဆွေးနွေးနေစဉ် ကျန်အဖွဲ့များက သေချာစွာနားထောင်၍ ဖြည့်စွက်အကြံပြုပါ။ အပြန်အလှန်ဆွေးနွေးပါ။

DBE BOX

## ၁-၁-၂ "ကလပ်ကြီးကြိုး" (သီတာ) သီချင်း အပိုဒ် (၁)၊ အပိုဒ် (၂) နှင့် အပိုဒ် (၃) တို့ကို သံစဉ်စည်းဝါး မှန်ကန်စွာသီဆိုခြင်း

"ကလပ်ကြီးကြိုး" (သီတာ) သီချင်း၏ အဓိပ္ပာယ်ကို ခံစားသိရှိပြီးသည့်အခါ အပိုဒ် (၁)၊ အပိုဒ် (၂) နှင့် အပိုဒ် (၃) တို့၏ သီချင်းစာသားကို အသံနေအသံထားနှင့် သံစဉ်စည်းဝါးမှန်ကန်စွာ ခံစားချက်ထည့်၍ သီဆိုတတ်ရန် လေ့လာသင်ယူရမည်ဖြစ်သည်။

"ကလပ်ကြီးကြိုး" (သီတာ) သီချင်း အပိုဒ် (၁) ကို ဆရာက စည်းဝါးတီးခတ်၍ သီဆိုပြသည် သို့မဟုတ် သီချင်းဖွင့်ပြသည်ကို ဂရုတစိုက် နားထောင်ပါ။ သီချင်းစာသားကိုကြည့်၍ ဆရာနှင့်အတူ ၃ ကြိမ်ခန့် လေ့ကျင့်သီဆိုပါ။ "ကလပ်ကြီးကြိုး" (သီတာ) သီချင်း၏ အပိုဒ် (၁) သည် ဝါးရိုက်ချက်တွင် စတင်သီဆိုရမည်။

ထို့နောက် "ကလပ်ကြီးကြိုး" (သီတာ) သီချင်း အပိုဒ် (၂) ကို ဆရာက စည်းဝါးတီးခတ်၍ သီဆိုပြသည် သို့မဟုတ် သီချင်းဖွင့်ပြသည်ကို ဂရုတစိုက်နားထောင်ပါ။ သီချင်းစာသားနှင့် စည်းဝါး သင်္ကေတကို သေချာစွာကြည့်၍ ဆရာနှင့်အတူ ၃ ကြိမ်ခန့် လေ့ကျင့်သီဆိုပါ။ "ကလပ်ကြီးကြိုး" (သီတာ) သီချင်း၏ အပိုဒ် (၂) သည် ဝါးရိုက်ချက်တွင် စတင်သီဆိုရမည်။

အထက်ပါအတိုင်း အပိုဒ် (၃) ကိုလည်း သင်ယူလေ့ကျင့်ပါ။ "ကလပ်ကြီးကြိုး" (သီတာ) သီချင်း၏ အပိုဒ် (၃) သည် ဝါးရိုက်ချက်တွင် စတင်သီဆိုရမည်။

သီချင်း အပိုဒ် (၁) မှ အပိုဒ် (၃) အထိ မိမိတို့ကိုယ်တိုင် လေ့ကျင့်သီဆိုပါ။

**အဓိကအချက်များ**

- အပိုဒ် (၁)၊ အပိုဒ် (၂) နှင့် အပိုဒ် (၃) တို့သည် ဝါးရိုက်ချက်တွင် စတင်သီဆိုရသည်။
- စည်းနှင့် ဝါးကို စည်းချိန်မှန်ကန်စွာ တီးခတ်နိုင်ရန် သတိပြုရမည်။
- ပတ်ဝန်းကျင်၏ တောတောင်ရေမြေ သဘာဝအလှတရားများကို မဟာဂီတအခြေခံသံစဉ်များဖြင့် ရေးဖွဲ့ထားသောသီချင်းဖြစ်သည်။

**လေ့ကျင့်ရန်လုပ်ငန်းများ**

၁။ အဖွဲ့ နှစ်ဖွဲ့ သို့မဟုတ် သင့်လျော်သောအဖွဲ့များဖွဲ့၍ တစ်ဖွဲ့ချင်းက "ကလပ်ကြီးကြိုး" (သီတာ) သီချင်း အပိုဒ် (၁)၊ (၂) နှင့် (၃) အား အသံနေအသံထား မှန်ကန်စွာ အပြန်အလှန် အလှည့်ကျသီဆိုပါ။

၂။ အဖွဲ့ တစ်ဖွဲ့က သီဆိုနေစဉ် ကျန်အဖွဲ့က စည်းဝါး တီးခတ်ပေးပါ။ အချင်းချင်း အပြန်အလှန် အကဲဖြတ်ပါ။ အကြံပြုပါ။ ကူညီသီဆိုပါ။



DBE BOX

## ၁-၁-၃ "ကလပ်ကြီးကြိုး" (သီတာ) သီချင်း အပိုဒ် (၄)၊ အပိုဒ် (၅) နှင့် အပိုဒ် (၆) တို့ကို သံစဉ်စည်းဝါး မှန်ကန်စွာသီဆိုခြင်း

"ကလပ်ကြီးကြိုး" (သီတာ) သီချင်း၏ အဓိပ္ပာယ်ကို ခံစားသိရှိပြီးသည့်အခါ အပိုဒ် (၄) ၊ အပိုဒ် (၅) နှင့် အပိုဒ် (၆) တို့၏ သီချင်းစာသားကို အသံနေအသံထားနှင့် သံစဉ်စည်းဝါးမှန်ကန်စွာ ခံစားချက်ထည့်၍ သီဆိုတတ်ရန် လေ့လာသင်ယူရမည်ဖြစ်သည်။

"ကလပ်ကြီးကြိုး" (သီတာ) သီချင်း အပိုဒ် (၄) ကို ဆရာက စည်းဝါးတီးခတ်၍ သီဆိုပြသည် သို့မဟုတ် သီချင်းဖွင့်ပြသည်ကို ဂရုတစိုက်နားထောင်ပါ။ သီချင်းစာသားကိုကြည့်၍ ဆရာနှင့်အတူ ၃ ကြိမ်ခန့် လေ့ကျင့်သီဆိုပါ။ "ကလပ်ကြီးကြိုး" (သီတာ) သီချင်း၏ အပိုဒ် (၄) သည် စည်းရိုက်ချက်တွင် စတင်သီဆိုရမည်။

ထို့နောက် "ကလပ်ကြီးကြိုး" (သီတာ) သီချင်း အပိုဒ် (၅) ကို ဆရာက စည်းဝါးတီးခတ်၍ သီဆိုပြသည် သို့မဟုတ် သီချင်းဖွင့်ပြသည်ကို ဂရုတစိုက်နားထောင်ပါ။ သီချင်းစာသားနှင့် ဂီတသင်္ကေတကို သေချာစွာကြည့်၍ ဆရာနှင့်အတူ ၃ ကြိမ်ခန့် လေ့ကျင့်သီဆိုပါ။ "ကလပ်ကြီးကြိုး" (သီတာ) သီချင်း၏ အပိုဒ် (၅) သည် စည်းရိုက်ချက်တွင် စတင်သီဆိုရမည်။

အထက်ပါအတိုင်း အပိုဒ် (၆) ကိုလည်း သင်ယူလေ့ကျင့်ပါ။ "ကလပ်ကြီးကြိုး" (သီတာ) သီချင်း၏ အပိုဒ် (၆) သည် ဝါးရိုက်ချက်တွင် စတင်သီဆိုရမည်။

သီချင်း အပိုဒ် (၄) မှ အပိုဒ် (၆) အထိ မိမိတို့ကိုယ်တိုင် လေ့ကျင့်သီဆိုပါ။

**အဓိကအချက်များ**

- အပိုဒ် (၄) နှင့် အပိုဒ် (၅) သည် စည်းရိုက်ချက်တွင် စတင်သီဆိုရသည်။
- အပိုဒ် (၆) သည် ဝါးရိုက်ချက်တွင် စတင်သီဆိုရသည်။
- စည်းနှင့်ဝါးကို စည်းချိန်မှန်ကန်စွာ တီးခတ်နိုင်ရန် သတိပြုရမည်။
- ပတ်ဝန်းကျင်၏ တောတောင်ရေမြေ သဘာဝအလှတရားများကို မဟာဂီတအခြေခံသံစဉ်များဖြင့် ရေးဖွဲ့ထားသောသီချင်းဖြစ်သည်။

**လေ့ကျင့်ရန်လုပ်ငန်းများ**

၁။ အဖွဲ့ နှစ်ဖွဲ့ သို့မဟုတ် သင့်လျော်သောအဖွဲ့များဖွဲ့၍ တစ်ဖွဲ့ချင်းက "ကလပ်ကြီးကြိုး" (သီတာ) သီချင်း အပိုဒ် (၄)၊ (၅) နှင့် (၆) အား အသံနေအသံထား မှန်ကန်စွာ အပြန်အလှန် အလှည့်ကျသီဆိုပါ။

၂။ အဖွဲ့ တစ်ဖွဲ့က သီဆိုနေစဉ် ကျန်အဖွဲ့က စည်းဝါး တီးခတ်ပေးပါ။ အချင်းချင်း အပြန်အလှန် အကဲဖြတ်ပါ။ အကြံပြုပါ။ ကူညီသီဆိုပါ။

## ၁-၁-၄ "ကလပ်ကြီးကြိုး" (သီတာ) သီချင်းကို စည်းဝါးတီးခတ် သီဆိုခြင်း

"ကလပ်ကြီးကြိုး"(သီတာ) သီချင်း အစမှအဆုံးအထိ သီချင်းစာသားကို အသံနေအသံထားနှင့် သံစဉ်စည်းဝါးမှန်ကန်စွာဖြင့် မိမိတို့ကိုယ်တိုင် စည်းဝါးတီးခတ်သီဆိုတတ်ရန် လေ့လာသင်ယူရမည် ဖြစ်သည်။

"ကလပ်ကြီးကြိုး" (သီတာ) သီချင်း အစမှအဆုံးအထိ ဆရာက စည်းဝါးတီးခတ်၍ သီဆိုပြသည် သို့မဟုတ် သီချင်းဖွင့်ပြသည်ကို ဂရုတစိုက် နားထောင်ပါ။ သီချင်းစာသားကိုကြည့်၍ ဆရာနှင့်အတူ ၃ ကြိမ်ခန့် စည်းဝါးတီးခတ်၍ လေ့ကျင့်သီဆိုပါ။

သီချင်း အစမှအဆုံးအထိ မိမိတို့ကိုယ်တိုင် စည်းဝါးတီးခတ်၍ လေ့ကျင့်သီဆိုပါ။

**အဓိကအချက်များ**

- ဝါးလတ်စည်းဖြင့် တီးခတ်သီဆိုရမည်။
- အပိုဒ် (၁)၊ အပိုဒ် (၂) နှင့် အပိုဒ် (၃) တို့သည် ဝါးရိုက်ချက်တွင် စတင်သီဆိုရသည်။
- အပိုဒ် (၄) နှင့် အပိုဒ် (၅) တို့သည် စည်းရိုက်ချက်တွင် စတင်သီဆိုရသည်။
- အပိုဒ် (၆) သည် ဝါးရိုက်ချက်တွင် စတင်သီဆိုရသည်။
- စည်းနှင့် ဝါးကို စည်းချိန်မှန်ကန်စွာ တီးခတ်နိုင်ရန် သတိပြုရမည်။
- ပတ်ဝန်းကျင်၏ တောတောင်ရေမြေ သဘာဝအလှတရားများကို မဟာဂီတအခြေခံသံစဉ်များဖြင့် ရေးဖွဲ့ထားသောသီချင်းဖြစ်သည်။

**လေ့ကျင့်ရန်လုပ်ငန်း**

၁။ အဖွဲ့ နှစ်ဖွဲ့ သို့မဟုတ် သင့်လျော်သောအဖွဲ့များဖွဲ့၍ တစ်ဖွဲ့ချင်းက "ကလပ်ကြီးကြိုး" (သီတာ) သီချင်းအား အသံနေအသံထား မှန်ကန်စွာ အပြန်အလှန် အလှည့်ကျသီဆိုပါ။

## ၁-၁-၅ "ကလပ်ကြီးကြိုး" (သီတာ) သီချင်းကို ရသမြောက်အောင် ခံစားသီဆို လေ့ကျင့်ခြင်း

"ကလပ်ကြီးကြိုး"(သီတာ) သီချင်းကို အစမှအဆုံးအထိ ရသမြောက်အောင် ခံစားသီဆိုတတ်ရန် လေ့ကျင့်သင်ယူရမည်ဖြစ်သည်။ သီချင်း၏ အဓိပ္ပာယ်ကို ပုံဖော်ခံစားသီဆိုရမည်။ မည်သည့်ရသများ ခံစားရသည်ကို အချင်းချင်းဆွေးနွေးပါ။ မိမိတို့အားလုံး တောတောင်ထဲရှိ ရေကန်အနီးသို့ရောက်နေသည့်အတွေးစိတ်ကူးဖြင့် ခံစားပုံဖော်ကြည့်ပါ။ စာသားများကို သီဆိုသည့်အခါ အဖြစ်နိုင်ဆုံး ရင်ထဲက



DBE BOX

ထွက်လာသော လိုက်လှဲသည့်အသံဖြင့် ဖြည်းဖြည်းနှင့်မှန်မှန် သီဆိုရမည်။

ထို့နောက် "ကလပ်ကြီးကြိုး" (သီတာ) သီချင်းကို ဆရာက စည်းဝါးတီးခတ်၍ သီဆိုပြသည် သို့မဟုတ် သီချင်းဖွင့်ပြသည်ကို ဂရုတစိုက်နားထောင်ပါ။

သီချင်းအစမှအဆုံးအထိ မိမိတို့ကိုယ်တိုင် စည်းဝါးတီးခတ်၍ လေ့ကျင့်သီဆိုပါ။

**အဓိကအချက်များ**

- သီချင်းအပိုဒ်တိုင်းရှိ အဓိပ္ပာယ်များကို တွေးတောခံစားရင်း သီဆိုရမည်။
- ရသပေါ်လွင်အောင် လိုက်လှဲသောအသံဖြင့် သီဆိုရမည်။

**လေ့ကျင့်ရန်လုပ်ငန်း**

၁။ အဖွဲ့ နှစ်ဖွဲ့ သို့မဟုတ် သင့်လျော်သောအဖွဲ့များဖွဲ့၍ တစ်ဖွဲ့ချင်းက "ကလပ်ကြီးကြိုး" (သီတာ) သီချင်းအား မည်သို့သော ရသခံစားရပုံကို ဆွေးနွေးပါ။

## ၁-၂ "နှလုံးသားကို အလှဆင်ပါ" သီချင်း

### ၁-၂-၁ "နှလုံးသားကို အလှဆင်ပါ" သီချင်း၏အဓိပ္ပာယ်ကို လေ့လာခြင်းနှင့် နားထောင်ခံစားခြင်း

"နှလုံးသားကို အလှဆင်ပါ" သီချင်းသည် မေတ္တာတရားကို အခြေခံရေးဖွဲ့ထားပြီး လူသားအချင်းချင်းမေတ္တာတရားဖြင့် ချစ်ကြည်ရင်းနှီးမှုကို အခြေခံသည့် ပေါင်းသင်းဆက်ဆံရေးကို ဖော်ကျူးရေးဖွဲ့ထားခြင်းဖြစ်သည်။ လူသားတိုင်း၏ နှလုံးသားတွင် အကြင်နာတရားများ လွှမ်းခြုံထားလျှင် ပျော်ရွှင်ချမ်းမြေ့မှုများကို အစဉ်ရရှိနိုင်ပါသည်။ "နှလုံးသားကို အလှဆင်ပါ" သီချင်း ရေးစပ်သူမှာ ဥက္ကလာခင်စော ဖြစ်သည်။

"နှလုံးသားကို အလှဆင်ပါ" သီချင်းအစမှအဆုံးအထိ ဆရာဆိုပြသည် သို့မဟုတ် သီချင်းဖွင့်ပြသည်ကို စာသားအားကြည့်၍ သေချာစွာနားထောင်ပါ။ သီချင်းစာသားများအားကြည့်၍ အသံနေအသံထားနှင့် စည်းဝါးမှန်ကန်စေရန် ဂရုတစိုက် နားထောင်ပါ။ သီချင်းစာသားကို သေချာစွာနားထောင်ပြီးနောက် သီချင်း၏အဓိပ္ပာယ်ကို လေ့လာဆွေးနွေးပါ။ မည်သို့ခံစားရစေသည့် သီချင်းမျိုးဖြစ်ကြောင်းကို ၂ ဦး၊ ၃ ဦး သို့မဟုတ် အုပ်စုဖွဲ့၍ဆွေးနွေးပါ။ ဆရာနှင့်အတူ အပြန်အလှန်ဆွေးနွေးပါ။

DBE BOX

# " နှလုံးသားကို အလှဆင်ပါ "

တေးပြုစာဆို - ဥက္ကလာခင်စော




DREBOX




**အဓိကအချက်များ**

- စည်းနှင့်ဝါးကို မှန်ကန်စွာ တီးခတ်နိုင်ရန် သတိပြုရမည်။
- အသံနေအသံထား မှန်ကန်စွာ သီဆိုရမည်။

**လေ့ကျင့်ရန်လုပ်ငန်းများ**

၁။ "နှလုံးသားကို အလှဆင်ပါ" သီချင်းအဓိပ္ပာယ်ကို အဖွဲ့လိုက် ဆွေးနွေးပါ။ တစ်ဖွဲ့က ဆွေးနွေးနေစဉ် ကျန်အဖွဲ့များက သေချာစွာနားထောင်၍ အချင်းချင်း အကြံပြုဆွေးနွေးပါ။ ဆရာနှင့်အတူ အပြန်အလှန်ဆွေးနွေးပါ။

၂။ အဖွဲ့ နှစ်ဖွဲ့ သို့မဟုတ် သင့်လျော်သောအဖွဲ့ဖွဲ့၍ တစ်ဖွဲ့ချင်းက "နှလုံးသားကို အလှဆင်ပါ" သီချင်းအား မည်သို့ရသခံစားရပုံကို ဆွေးနွေးပါ။

DBE Box

## ၁-၂-၂ "နှလုံးသားကို အလှဆင်ပါ"သီချင်း အပိုဒ် (၁) ကို စည်းဝါးတီးခတ် သီဆိုလေ့ကျင့်ခြင်း

"နှလုံးသားကို အလှဆင်ပါ" သီချင်း၏ အဓိပ္ပာယ်ကို ခံစားသိရှိပြီးသည့်အခါ သီချင်းစာသားကို အသံနေအသံထားနှင့် သံစဉ်စည်းဝါးမှန်ကန်စွာ ခံစားချက်ထည့်၍ သီဆိုတတ်ရန် လေ့လာသင်ယူရမည်ဖြစ်သည်။

"နှလုံးသားကို အလှဆင်ပါ" သီချင်း အပိုဒ် (၁) ရှိ လေးဝါးခန့်ကို ဆရာက စည်းဝါးတီးခတ်၍ သီဆိုပြသည် သို့မဟုတ် သီချင်းဖွင့်ပြသည်ကို ဂရုတစိုက် နားထောင်ပါ။ သီချင်းစာသားကိုကြည့်၍ ဆရာနှင့်အတူ ၃ ကြိမ်ခန့် လေ့ကျင့်သီဆိုပါ။

သီချင်း အစမှအဆုံးအထိ မိမိတို့ကိုယ်တိုင် စည်းဝါးတီးခတ် လေ့ကျင့်သီဆိုပါ။

**အဓိကအချက်များ**

- ဝါးလတ်စည်းကို စည်းချိန်မှန်မှန်တီးရမည်။
- အသံနေအသံထားနှင့်စာသားကို မှန်ကန်စွာသီဆိုရမည်။

**လေ့ကျင့်ရန်လုပ်ငန်းများ**

၁။ အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ တစ်ဖွဲ့ချင်းက "နှလုံးသားကို အလှဆင်ပါ" သီချင်းအား အသံနေအသံထား မှန်ကန်စွာ အပြန်အလှန် အလှည့်ကျသီဆိုပါ။

၂။ တစ်ဖွဲ့က သီဆိုနေစဉ် ကျန်အဖွဲ့က စည်းဝါး တီးခတ်ပေးပါ။ အချင်းချင်း အပြန်အလှန် အကဲဖြတ်ပါ။ အကြံပြုပါ။ ကူညီသီဆိုပါ။

၃။ အဖွဲ့ နှစ်ဖွဲ့ သို့မဟုတ် သင့်လျော်သောအဖွဲ့ဖွဲ့၍ တစ်ဖွဲ့ချင်းက "နှလုံးသားကို အလှဆင်ပါ" သီချင်းအား မည်သို့ရသခံစားရပုံကို ဆွေးနွေးပါ။

## ၁-၂-၃ "နှလုံးသားကို အလှဆင်ပါ" သီချင်း အပိုဒ် (၂) ကို စည်းဝါးတီးခတ် သီဆိုလေ့ကျင့်ခြင်း

"နှလုံးသားကို အလှဆင်ပါ" သီချင်း၏ သီချင်းစာသားကို အသံနေအသံထားနှင့် သံစဉ်စည်းဝါး မှန်ကန်စွာဖြင့် မိမိတို့ကိုယ်တိုင် စည်းဝါးတီးခတ် သီဆိုတတ်ရန် လေ့လာသင်ယူရမည် ဖြစ်သည်။

"နှလုံးသားကို အလှဆင်ပါ" သီချင်း အပိုဒ် (၂) ကို ဆရာက စည်းဝါးတီးခတ်၍ သီဆိုပြသည် သို့မဟုတ် သီချင်းဖွင့်ပြသည်ကို ဂရုတစိုက်နားထောင်ပါ။ သီချင်းစာသားကိုကြည့်၍ ဆရာနှင့်အတူ ၃ ကြိမ်ခန့် စည်းဝါးတီးခတ်၍ လေ့ကျင့်သီဆိုပါ။

သီချင်း အစမှအဆုံးအထိ မိမိတို့ကိုယ်တိုင် စည်းဝါးတီးခတ်၍ လေ့ကျင့်သီဆိုပါ။

**အဓိကအချက်များ**

- ဝါးလတ်စည်းကို စည်းချိန်မှန်မှန်တီးရမည်။
- အသံနေအသံထားနှင့်စာသားကို မှန်ကန်စွာသီဆိုရမည်။

**လေ့ကျင့်ရန်လုပ်ငန်းများ**

၁။ အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ တစ်ဖွဲ့ချင်းက "နှလုံးသားကို အလှဆင်ပါ" သီချင်းအား အသံနေအသံထား မှန်ကန်စွာ အပြန်အလှန် အလှည့်ကျသီဆိုပါ။

၂။ အဖွဲ့ နှစ်ဖွဲ့ သို့မဟုတ် သင့်လျော်သောအဖွဲ့ဖွဲ့၍ တစ်ဖွဲ့ချင်းက "နှလုံးသားကို အလှဆင်ပါ" သီချင်းအား မည်သို့ရသခံစားရပုံကို ဆွေးနွေးပါ။

## ၁-၂-၄ "နှလုံးသားကို အလှဆင်ပါ "သီချင်း အပိုဒ် (၁) ကို " ဒို ရေ မီ " သင်္ကေတဖြင့် သီဆိုလေ့ကျင့်ခြင်း

"နှလုံးသားကို အလှဆင်ပါ" သီချင်း၏ အပိုဒ် (၁) ရှိ ဂီတသင်္ကေတအား ဆရာပြသသော သင်ထောက်ကူကားချပ် သို့မဟုတ် ဗီနိုင်းကားချပ်များကို သေချာစွာ လေ့လာကြည့်ရှုပါ။ ထို့နောက် ဆရာဆိုပြသည်ကို ဂရုတစိုက်နားထောင်ပါ။ အသံနေအသံထားနှင့် စည်းဝါးမှန်ကန်စေရန် လေ့လာ သင်ယူရမည်။ " ဒို ရေ မီ " သင်္ကေတကိုကြည့်၍ ဆရာနှင့်အတူ ၃ ကြိမ်ခန့် လေ့ကျင့်သီဆိုပါ။

အထက်ပါအတိုင်း အပိုဒ် (၂) ကို ဆက်လက်လေ့ကျင့်သီဆိုပါ။

**အဓိကအချက်များ**

- စည်းနှင့်ဝါးကို မှန်ကန်စွာ တီးခတ်နိုင်ရန် သတိပြုရမည်။
- သီချင်းသင်္ကေတကို မှန်ကန်စွာရွတ်ဆိုရမည်။

**လေ့ကျင့်ရန်လုပ်ငန်းများ**

၁။ အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ တစ်ဖွဲ့ချင်းက "နှလုံးသားကို အလှဆင်ပါ" သီချင်းအား အသံနေအသံထား မှန်ကန်စွာ သီဆိုပါ။ သီဆိုမှုကို အပြန်အလှန် အကဲဖြတ်ပါ။ အကြံပြုပါ။ အချင်းချင်း ကူညီ သီဆိုပါ။

၂။ အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ တစ်ဖွဲ့ချင်းက "နှလုံးသားကို အလှဆင်ပါ" သီချင်း၏ ဂီတသင်္ကေတအား




DRE BOX

အသံနေအသံထား မှန်ကန်စွာ သီဆိုပါ။ သီဆိုမှုကို အပြန်အလှန် အကဲဖြတ်ပါ။ အကြံပြုပါ။ အချင်းချင်း ကူညီသီဆိုပါ။

၃။ အဖွဲ့ နှစ်ဖွဲ့ သို့မဟုတ် သင့်လျော်သောအဖွဲ့ဖွဲ့၍ တစ်ဖွဲ့ချင်းက "နှလုံးသားကို အလှဆင်ပါ" သီချင်းအား မည်သို့ရသခံစားရပုံကို ဆွေးနွေးပါ။

**အခန်း (၁) အဆိုပညာကို ပြန်လည်သုံးသပ်ခြင်း**




DBE BOX

# အခန်း (၁)

## အဆိုပညာ

အခန်း (၁) အဆိုပညာတွင် သတ္တမတန်းကျောင်းသားများ လေ့ကျင့်သင်ယူရန်အတွက် "ကလပ်ကြီးကြိုး" (သီတာ) သီချင်းနှင့် "နှလုံးသားကို အလှဆင်ပါ" သီချင်းတို့ပါဝင်ပါသည်။ ဆဋ္ဌမတန်းတွင် "ပုစဉ်းတောင်သံကြိုး" (ထံတျာတေရှင်) သီချင်းနှင့် "မြန်မာပြည်သား" သီချင်းတို့၏ အဓိပ္ပာယ်ကို သိရှိပြီး သံစဉ်စည်းဝါးမှန်ကန်စွာဖြင့် ခံစားသီဆိုခြင်း၊ သရုပ်ဖော်ခြင်းနှင့် ဂီတသင်္ကေတရွတ်ဆိုခြင်းတို့ကို သင်ယူခဲ့ပြီးဖြစ်သည်။

"ကလပ်ကြီးကြိုး" (သီတာ) သီချင်း၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး သံစဉ်စည်းဝါး မှန်ကန်စွာ သီဆိုတတ်မည်။ "နှလုံးသားကို အလှဆင်ပါ" သီချင်း၏ အဓိပ္ပာယ်ကို သိရှိမည်။ သင်္ကေတကို ကြည့်၍ မှန်ကန်စွာရွတ်ဆိုတတ်ပြီး သံစဉ်စည်းဝါးမှန်ကန်စွာ ခံစားသီဆိုတတ်မည်။ မဟာဂီတသီချင်းနှင့် မြန်မာသံစဉ်ကာလပေါ်သီချင်းတို့ကို မြတ်နိုးတန်ဖိုးထားတတ်လာမည်။ ဂီတအနုပညာကို မြတ်နိုးတန်ဖိုးထား၍ ထိန်းသိမ်းစောင့်ရှောက်တတ်လာမည်။

### ၁-၁ "ကလပ်ကြီးကြိုး" (သီတာ) သီချင်း

#### ၁-၁-၁ "ကလပ်ကြီးကြိုး" (သီတာ) သီချင်းကို နားထောင်ပြီး အဓိပ္ပာယ်ကို လေ့လာခြင်းနှင့် ဆွေးနွေးခြင်း

"ကလပ်ကြီးကြိုး" (သီတာ) သီချင်းသည် မြန်မာ့ဂီတ၏ အခြေခံအကျဆုံးသော စည်းဖြစ်သည့် ဝါးလတ်စည်းဖြင့် တီးခတ်သီဆိုရသော သီချင်းဖြစ်သည်။ ဝါးလတ်စည်း၏ အဓိပ္ပာယ်ကို ဆဋ္ဌမတန်းတွင် သင်ကြားခဲ့ပြီးဖြစ်သည်။ "ကလပ်ကြီးကြိုး" (သီတာ) သီချင်းသည် ဝန်ကြီးပဒေသရာဇာ ရေးဖွဲ့ထားသော တေးသီချင်းဖြစ်သည်။

ထွက်လာသော လိုက်လှဲသည့်အသံဖြင့် ဖြည်းဖြည်းနှင့်မှန်မှန် သီဆိုရမည်။

ထို့နောက် "ကလပ်ကြီးကြိုး" (သီတာ) သီချင်းကို ဆရာက စည်းဝါးတီးခတ်၍ သီဆိုပြသည် သို့မဟုတ် သီချင်းဖွင့်ပြသည်ကို ဂရုတစိုက်နားထောင်ပါ။

သီချင်းအစမှအဆုံးအထိ မိမိတို့ကိုယ်တိုင် စည်းဝါးတီးခတ်၍ လေ့ကျင့်သီဆိုပါ။

**အဓိကအချက်များ**

- သီချင်းအပိုဒ်တိုင်းရှိ အဓိပ္ပာယ်များကို တွေးတောခံစားရင်း သီဆိုရမည်။
- ရသပေါ်လွင်အောင် လိုက်လှဲသောအသံဖြင့် သီဆိုရမည်။

**လေ့ကျင့်ရန်လုပ်ငန်း**

၁။ အဖွဲ့ နှစ်ဖွဲ့ သို့မဟုတ် သင့်လျော်သောအဖွဲ့များဖွဲ့၍ တစ်ဖွဲ့ချင်းက "ကလပ်ကြီးကြိုး" (သီတာ) သီချင်းအား မည်သို့သော ရသခံစားရပုံကို ဆွေးနွေးပါ။

## ၁-၂ "နှလုံးသားကို အလှဆင်ပါ" သီချင်း

### ၁-၂-၁ "နှလုံးသားကို အလှဆင်ပါ" သီချင်း၏အဓိပ္ပာယ်ကို လေ့လာခြင်းနှင့် နားထောင်ခံစားခြင်း

"နှလုံးသားကို အလှဆင်ပါ" သီချင်းသည် မေတ္တာတရားကို အခြေခံရေးဖွဲ့ထားပြီး လူသားအချင်းချင်းမေတ္တာတရားဖြင့် ချစ်ကြည်ရင်းနှီးမှုကို အခြေခံသည့် ပေါင်းသင်းဆက်ဆံရေးကို ဖော်ကျူးရေးဖွဲ့ထားခြင်းဖြစ်သည်။ လူသားတိုင်း၏ နှလုံးသားတွင် အကြင်နာတရားများ လွှမ်းခြုံထားလျှင် ပျော်ရွှင်ချမ်းမြေ့မှုများကို အစဉ်ရရှိနိုင်ပါသည်။ "နှလုံးသားကို အလှဆင်ပါ" သီချင်း ရေးစပ်သူမှာ ဥက္ကလာခင်စော ဖြစ်သည်။

"နှလုံးသားကို အလှဆင်ပါ" သီချင်းအစမှအဆုံးအထိ ဆရာဆိုပြသည် သို့မဟုတ် သီချင်းဖွင့်ပြသည်ကို စာသားအားကြည့်၍ သေချာစွာနားထောင်ပါ။ သီချင်းစာသားများအားကြည့်၍ အသံနေအသံထားနှင့် စည်းဝါးမှန်ကန်စေရန် ဂရုတစိုက် နားထောင်ပါ။ သီချင်းစာသားကို သေချာစွာနားထောင်ပြီးနောက် သီချင်း၏အဓိပ္ပာယ်ကို လေ့လာဆွေးနွေးပါ။ မည်သို့ခံစားရစေသည့် သီချင်းမျိုးဖြစ်ကြောင်းကို ၂ ဦး၊ ၃ ဦး သို့မဟုတ် အုပ်စုဖွဲ့၍ဆွေးနွေးပါ။ ဆရာနှင့်အတူ အပြန်အလှန်ဆွေးနွေးပါ။



DBE BOX

# အခန်း (၂)

## အကပညာ

အခန်း (၂) အကပညာတွင် သတ္တမတန်းကျောင်းသားများ လေ့ကျင့်သင်ယူရန်အတွက် အမျိုးသမီးအခြေခံကဗျာလွတ်အက၏ ပထမအဆင့်မှ မေးထိုးအက၊ သုံးပွင့်ဆိုင်အကနှင့် အမျိုးသားအခြေခံကဗျာလွတ်အက၏ ပထမအဆင့်မှ ကန်တော့ပန်းအက၊ ငှက်ပျောဖူးလက်အကများ ပါဝင်ပါသည်။ ယင်းအခြေခံကဗျာလွတ်ကကွက်များကို လက်တွေ့လေ့ကျင့်ပြီး ယိမ်းအက၊ တိုင်းရင်းသားအကများနှင့် တွဲဖက်ကပြတတ်လာမည်ဖြစ်သည်။ ဆဋ္ဌမတန်းတွင် ကြာဖတ်လှန်အကနှင့် ကြာဆစ်ချိုးအကများကို သင်ယူခဲ့ပြီးဖြစ်သည်။

### ၂-၁ မေးထိုးအကနှင့် သုံးပွင့်ဆိုင်အက

### ၂-၁-၁ မေးထိုးအကကို သင်ကြားလေ့ကျင့်ခြင်း

ဦးစွာ အမျိုးသမီးအခြေခံကဗျာလွတ်အက၏ ပထမအဆင့်မှ မေးထိုးအကကို လေ့ကျင့်သင်ယူရမည်ဖြစ်သည်။ ဆဋ္ဌမတန်းတွင် သင်ယူခဲ့သော ကြာဖတ်လှန်အကနှင့် ကြာဆစ်ချိုးအကတို့ကို ဆရာနှင့်အတူ လေ့ကျင့်ပါ။ လေ့ကျင့်ရာတွင် စည်း ၈ ချက်၊ ဝါး ၈ ချက် ပြည့်အောင် ကပါ။



ပုံ - ၁ (က)
"ခွင်" ပုံစံအနေအထား



ပုံ - ၁ (ခ)
ညာခြေ ၊ ညာလက် (စည်း)



ပုံ - ၁ (ဂ)
ညာခြေ ၊ ညာလက် (ဝါး)

DBE BOX



ပုံ - ၁ (ဃ)

ဘယ်ခြေ ၊ ဘယ်လက် (စည်း)



ပုံ - ၁ (င)

ဘယ်ခြေ ၊ ဘယ်လက် (ဝါး)

မေးထိုးအကကို စနစ်တကျ သင်ယူရန်အတွက် အကမကမီ "ခွင်" ပုံစံအနေအထားအတိုင်း နေရာယူပါ။ မေးထိုးအကကို သင်ကြားရာ၌ ပထမစည်းရိုက်ချက်တွင် ညာခြေကို အနောက်ဘက်သို့ ထဘီနားခတ်လျက် မြှောက်ရမည်။ ညာတံတောင်ဆစ်ကိုချိုး၍ ညာဘက်လက်ဖဝါးကို အပြင်သို့လှန်ကာ ထောင်ထားပါ။ တစ်ချိန်တည်းမှာပင် ဘယ်ဘက်တံတောင်ဆစ်ကို ပခုံးနှင့်တစ်တန်းတည်းခန့်ထား၍ အောက်သို့ စိုက်ချိုးထားပြီး ဘယ်ဘက်လက်ဖဝါးကို အတွင်းသို့ထားရမည်။ တစ်ပြိုင်တည်းမှာပင် ခေါင်းကို ဘယ်ဘက်သို့စောင်း၍ ညာလက်ဖျားများကိုလည်း ကော့ထားရမည်။ ပုံ - ၁ (က) ၊ (ခ)

ဝါးရိုက်ချက်တွင် မြှောက်ထားသောညာခြေကို ညာဘက်ထောင့်သို့ ဖနောင့်ထိုးလိုက်ပြီး မေးကိုပါ တစ်ပါတည်း ညာဘက်သို့ထိုးပါ။ ခါးကိုလည်း မေးထိုးသည့်ဘက်သို့ အလိုက်သင့်စောင်းထားရမည်။ ပုံ - ၁ (ဂ)

ထို့နောက် ဒုတိယစည်းရိုက်ချက်တွင် ဘယ်ခြေကို အနောက်ဘက်သို့ ထဘီနားခတ်လျက် မြှောက်ရမည်။ ဘယ်တံတောင်ဆစ်ကိုချိုး၍ ဘယ်ဘက်လက်ဖဝါးကို အပြင်သို့လှန်ကာ ထောင်ထားပါ။ တစ်ချိန်တည်းမှာပင် ညာဘက်တံတောင်ဆစ်ကို ပခုံးနှင့်တစ်တန်းတည်းခန့်ထား၍ အောက်သို့စိုက်ချိုးထားပြီး ညာဘက်လက်ဖဝါးကို အတွင်းသို့ထားရမည်။ တစ်ပြိုင်တည်းမှာပင် ခေါင်းကို ညာဘက်သို့ စောင်း၍ လက်ဖျားများကိုလည်း ကော့ထားရမည်။ ပုံ - ၁ (ဃ)

ဝါးရိုက်ချက်တွင် မြှောက်ထားသော ဘယ်ခြေကိုဘယ်ဘက်ထောင့်သို့ ဖနောင့်ထိုးလိုက်ပြီး မေးကိုပါ တစ်ပါတည်း ဘယ်ဘက်သို့ထိုးပါ။ ခါးကိုလည်း မေးထိုးသည့်ဘက်သို့ အလိုက်သင့်စောင်းထား ရမည်။ ယင်းအတိုင်း စည်း ၈ ချက်၊ ဝါး ၈ ချက် ပြည့်အောင် ကရမည်။ ပုံ - ၁ (င)

DBE BOX

**အဓိကအချက်များ**

- ကကွက်များသည် ညာဘက်မှစတင်လှုပ်ရှားကပြရသော်လည်း မေးထိုးအကတွင် ညာခြေဖြင့် ထဘီနားခတ်၍ ရှေ့သို့ထိုးရလွယ်ကူစေရန် ဦးစွာ ဘယ်ခြေကို စည်းချက်နှင့်အညီ နောက်သို့ အနည်းငယ် ကြွ၍ ကပါ။
- ကသည့်အခါတွင် တစ်ဝါးနှင့်တစ်ဝါး ပြောင်းသည့်အခါတိုင်း ထိုးထားသောခြေကို ထဘီနားခတ် ၍ ပြန်သိမ်းရမည်။
- စည်းတွင် ခြေသည် မြှောက်လျက် အနေအထားရှိရမည်။
- ဝါးတွင် ခြေသည် ဖနောင့်ထိုးထားသည့် အနေအထားရှိရမည်။
- ကသည့်အခါ လက်ဖျားများကို ကော့ထားရမည်။
- ခေါင်းနှင့်ခါးကိုလည်း ခြေထိုးသည့်ဘက်သို့ အနည်းငယ် စောင်းထားပါ။
- လှုပ်ရှားမှုတိုင်းတွင် ညာခြေညာလက်မှ စပြီးလှုပ်ရှားရမည်။
- ချစ်စဖွယ်အမူအရာဖြင့် ပြုံး၍ ကရမည်။
- ကနေစဉ် "ခွင်" ပုံစံမပျက်စေရန် သတိထားရမည်။
- အဖွဲ့လိုက် ကသည့်အခါ စည်း၊ ဝါး ကျနစွာနှင့် ညီညီညာညာကနိုင်ရန် လက်ခုပ်၊ လက်ဖျောက်တီး ၍ စည်းဝါးကို မှန်မှန်ရွတ်ဆိုရမည်။

**လေ့ကျင့်ရန်လုပ်ငန်းများ**

၁။ တစ်ဦးချင်း မေးထိုးအကကို လေ့ကျင့်ပါ။ နှစ်ယောက်တစ်တွဲ တွဲ၍ လေ့ကျင့်ပါ။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ကူညီပေးပါ။ စည်းဝါးကျနစွာ ကတတ်ခြင်းနှင့် ကကွက်မှန်စွာ ကနိုင်ခြင်း ရှိ မရှိ ကို အချင်းချင်း အကဲဖြတ်ပါ။ အကြံပြုပါ။

၂။ အဖွဲ့လိုက် မေးထိုးအကကို လေ့ကျင့်ပါ။ တစ်ဖွဲ့က ကနေစဉ် ကျန်အဖွဲ့များက အဖွဲ့သား တစ်ဦး ချင်း စည်းဝါးတကျ ကကွက်မှန်စွာ ကနိုင်ခြင်းနှင့် ညီညာစွာ ကနိုင်ခြင်း ရှိ မရှိတို့ကို အကဲဖြတ် အကြံပြုပါ။ အဖွဲ့လိုက် ညီညီညာညာဖြင့် စည်းဝါးတကျ ပျော်ရွှင်စွာက၍ လေ့ကျင့်ပါ။

**၂-၁-၂ သုံးပွင့်ဆိုင်အကကို သင်ကြားလေ့ကျင့်ခြင်း**

အမျိုးသမီးအခြေခံကဗျာလွတ်အက၏ ပထမအဆင့်မှ သုံးပွင့်ဆိုင်အကကို လေ့ကျင့်သင်ယူ ရမည်ဖြစ်သည်။ လေ့ကျင့်ရာတွင် စည်း ၈ ချက်၊ ဝါး ၈ ချက် ပြည့်အောင် ကပါ။



DBE BOX



ပုံ - ၂ (က)

"ခွင်" ပုံစံအနေအထား



ပုံ - ၂ (ခ)

ညာခြေ ၊ ညာလက် (စည်း)



ပုံ - ၂ (ဂ)

လက်နှစ်ဖက်အတွင်းလှည့် (ဝါး)



ပုံ - ၂ (ဃ)

ဘယ်ခြေ ၊ ဘယ်လက် (စည်း)

သုံးပွင့်ဆိုင်အကကို သင်ကြားရာ၌ ပထမဦးစွာ အကမကမီ "ခွင်" ပုံစံအနေအထားအတိုင်း နေရာယူပါ။ ပထမစည်းရိုက်ချက်တွင် ညာခြေကို ညာဘက်အရှေ့ထောင့်သို့ ခြေဖနောင့်ထိုးထားပါ။ ခြေဖျားကို ထောင်ထားရမည်။ လက်ဖဝါးနှစ်ဖက်စလုံးကို လက်ကောက်ဝတ်မှ အပြင်သို့ချိုးကာ ညာဘက်ဒူးအထက်နားတွင် ထောင်ထားသော ခြေဖျားနှင့်အပြိုင်ထား၍ မေးထိုးလိုက်ပါ။ ညာခြေထိုးသောအခါတွင် ခေါင်းကို ဘယ်ဘက်သို့ အနည်းငယ်စောင်းထားပြီး ခါးကိုလည်း အလိုက်သင့် ချိုးထားရမည်။ ပုံ - ၂ (က)၊ (ခ)

ဝါးရိုက်ချက်တွင် ထိုးထားသောညာခြေကို နောက်သို့ ထဘီနားခတ်ကာပြန်သိမ်း၍ ထောင်ထားသော လက်နှစ်ဖက်ကို တံတောင်ဆစ်မှအတွင်းသို့ချိုးကာ လက်ဝါးနှစ်ဖက်ကို ခန္ဓာကိုယ်အရှေ့ ခါးအထက်နားဘက်သို့ကွေး၍ ချိုးပါ။ တစ်ပြိုင်တည်းမှာပင် စောင်းထားသောခေါင်းကို ရှေ့တည့်တည့်သို့ ပြန်လှည့်၍ ခွင်ပုံစံအတိုင်း ပြန်နေရမည်ဖြစ်သည်။ ပုံ - ၂ (ဂ)

ထို့နောက် ဒုတိယစည်းရိုက်ချက်တွင် ဘယ်ခြေကို ဘယ်ဘက်အရှေ့ထောင့်သို့ ခြေဖနောင့်ထိုးထားပါ။ ခြေဖျားကို ထောင်ထားရမည်။ လက်ဖဝါးနှစ်ဖက်စလုံးကို လက်ကောက်ဝတ်မှ အပြင်သို့ချိုးကာ ဘယ်ဘက်ဒူးအထက်နားတွင် ထောင်ထားသော ခြေဖျားနှင့်အပြိုင်ထား၍ မေးထိုးလိုက်ပါ။ ဘယ်ခြေထိုးသောအခါတွင် ခေါင်းကို ညာဘက်သို့ အနည်းငယ်စောင်းထားပြီး ခါးကိုလည်း အလိုက်သင့်ချိုးထားရမည်။ ပုံ - ၂ (ဃ)

ဝါးရိုက်ချက်တွင် ထိုးထားသောဘယ်ခြေကို နောက်သို့ ထဘီနားခတ်ကာပြန်သိမ်း၍ ထောင်ထားသော လက်နှစ်ဖက်ကို တံတောင်ဆစ်မှအတွင်းသို့ချိုးကာ လက်ဖဝါးနှစ်ဖက်ကို ခန္ဓာကိုယ်အရှေ့ ခါးအထက်နားဘက်သို့ကွေး၍ ချိုးပါ။ တစ်ပြိုင်တည်းမှာပင် စောင်းထားသောခေါင်းကို ရှေ့တည့်တည့်သို့ ပြန်လှည့်၍ ခွင်ပုံစံအတိုင်း ပြန်နေရမည်ဖြစ်သည်။ ယင်းအတိုင်း စည်း ၈ ချက်၊ ဝါး ၈ ချက် ပြည့်အောင် ကရမည်။ ပုံ - ၂ (ဂ)

**အဓိကအချက်များ**

- ကသည့်အခါတွင် တစ်ဝါးနှင့်တစ်ဝါး ပြောင်းသည့်အခါတိုင်း ထိုးထားသောခြေကို ထဘီနားခတ်၍ ပြန်သိမ်းရမည်။
- စည်းတွင် ဖနောင့်၊ ဖြောက် (ဝါး) တွင် ဖဝါး (ခွင်) သို့ ပြန်ရောက်ရမည်။
- ကသည့်အခါ လက်ဖျားများကို ကော့ထားရမည်။
- ခေါင်းနှင့်ခါးကိုလည်း ခြေထိုးသည့်ဘက်နှင့် ဆန့်ကျင်ဘက်သို့ အနည်းငယ်စောင်းထားပါ။
- လှုပ်ရှားမှုတိုင်းတွင် ညာခြေညာလက်မှစပြီး လှုပ်ရှားရမည်။
- ချစ်စဖွယ်အမူအရာဖြင့် ပြုံး၍ ကရမည်။
- ကနေစဉ် "ခွင်" ပုံစံမပျက်စေရန် သတိထားရမည်။
- အဖွဲ့လိုက်ကသည့်အခါ စည်း၊ ဝါး ကျနစွာနှင့် ညီညီညာညာကနိုင်ရန် လက်ခုပ်၊ လက်ဖျောက်တီး၍ စည်းဝါးကို မှန်မှန်ရွတ်ဆိုရမည်။

**လေ့ကျင့်ရန်လုပ်ငန်းများ**

၁။ တစ်ဦးချင်း သုံးပွင့်ဆိုင်အကကို လေ့ကျင့်ပါ။ နှစ်ယောက်တစ်တွဲ တွဲ၍ လေ့ကျင့်ပါ။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ကူညီပေးပါ။ စည်းဝါးကျနစွာ ကတတ်ခြင်းနှင့် ကကွက်မှန်စွာ ကနိုင်ခြင်း ရှိ မရှိကို အချင်းချင်း အကဲဖြတ်ပါ။ အကြံပြုပါ။

၂။ အဖွဲ့လိုက် သုံးပွင့်ဆိုင်အကကို လေ့ကျင့်ပါ။ တစ်ဖွဲ့က ကနေစဉ် ကျန်အဖွဲ့များက အဖွဲ့သား တစ်ဦးချင်း စည်းဝါးတကျ ကကွက်မှန်စွာ ကနိုင်ခြင်းနှင့် ညီညာစွာ ကနိုင်ခြင်း ရှိ မရှိတို့ကို အကဲဖြတ် အကြံပြုပါ။ အဖွဲ့လိုက် ညီညီညာညာဖြင့် စည်းဝါးတကျ ပျော်ရွှင်စွာက၍ လေ့ကျင့်ပါ။

## ၂-၁-၃ မေးထိုးအကနှင့် သုံးပွင့်ဆိုင်အကတို့ကို စည်းဝါးဒိုးချက်တို့ဖြင့် သင်ကြားလေ့ကျင့်ခြင်း

မေးထိုးအကနှင့် သုံးပွင့်ဆိုင်အကတို့ကို စည်းဝါးဒိုးချက်တို့ဖြင့် လေ့ကျင့်သင်ယူရမည်ဖြစ်သည်။



ပုံ - ၃ (က)



ပုံ - ၃ (ခ)



ပုံ - ၃ (ဂ)



ပုံ - ၃ (ဃ)



ပုံ - ၃ (င)





ပုံ - ၃ (စ) ပုံ - ၃ (ဆ) ပုံ - ၃ (ဇ)

မေးထိုးအကနှင့် သုံးပွင့်ဆိုင်အကတို့၏ ကပြပုံအဆင့်ဆင့်

"ခွင်" ပုံစံ အနေအထား အသင့်ပြင်ပါ။ မေးထိုးအကနှင့် သုံးပွင့်ဆိုင်အကကို စည်းဝါးတကျ မှန်ကန်စွာ ကပါ။ စည်းဝါးနှင့်အညီ မကနိုင်သေးသူများကို ကနိုင်သူများက ကူညီပါ။ တစ်ဦးချင်းမှ အဖွဲ့လိုက် ညီညာစွာ ကနိုင်သည်အထိ ပုံပါအတိုင်း ထပ်ကျော့၍ပြုလုပ်ပါ။

**အဓိကအချက်**

- မေးထိုးအကနှင့် သုံးပွင့်ဆိုင်အကတို့ကို သင်ယူစဉ်က အဓိကအချက်များကို ပြန်လည်စဉ်းစားပြီး အကလေ့ကျင့်ရာတွင် လက်တွေ့အသုံးချပါ။

**လေ့ကျင့်ရန်လုပ်ငန်းများ**

၁။ တစ်ဦးချင်းစီ သင်ကြားထားသည်များကို လေ့ကျင့်ပါ။ စည်းဝါးကျနစွာ ကတတ်ခြင်းနှင့် မှန်ကန်စွာ ကနိုင်ခြင်း ရှိ မရှိ ကို အချင်းချင်း အကဲဖြတ်ပါ။ ချစ်စဖွယ်အမူအရာဖြင့် ကရန် သတိပြုပါ။ လိုအပ်ပါက အကြံပြုပါ။

၂။ အဖွဲ့လိုက် သင်ကြားထားသည်များကို လေ့ကျင့်ပါ။ တစ်ဖွဲ့က ကနေစဉ် ကျန်အဖွဲ့များက အဖွဲ့သားတစ်ဦးချင်း စည်းဝါးကျနစွာ ကနိုင်ခြင်း ရှိ မရှိကို အကဲဖြတ်ပါ။ အကြံပြုပါ။ အဖွဲ့လိုက် ညီညီညာညာဖြင့် စည်းဝါးတကျ ပျော်ရွှင်စွာက၍ လေ့ကျင့်ပါ။

## ၂-၁-၄ မေးထိုးအကနှင့် သုံးပွင့်ဆိုင်အကတို့ကို စည်းဝါးဒိုးချက်တို့ဖြင့် တစ်ဆက်တည်း သင်ကြားလေ့ကျင့်ခြင်း

မေးထိုးအကနှင့် သုံးပွင့်ဆိုင်အကတို့ကို စည်းဝါးဒိုးချက်တို့ဖြင့် တစ်ဆက်တည်း လေ့ကျင့်သင်ယူရမည်ဖြစ်သည်။ မေးထိုးအကနှင့် သုံးပွင့်ဆိုင်အကကို စည်းဝါးတကျ မှန်ကန်စွာ ကပါ။ ဆရာကပြသည့် ကကြိုးကကွက်နှင့် စည်းဝါးအနေအထားကို သေချာစွာ မှတ်သားလေ့ကျင့်ပါ။ မေးထိုးအကနှင့် သုံးပွင့်ဆိုင်အကတို့ကို တီးလုံးတီးကွက်ဖြင့် စနစ်တကျ ကနိုင်ရန် လေ့ကျင့်ပါ။

**အဓိကအချက်**

- မေးထိုးအကနှင့် သုံးပွင့်ဆိုင်အကတို့ကို သင်ယူစဉ်က အဓိကအချက်များကို ပြန်လည်စဉ်းစားပြီး အကလေ့ကျင့်ရာတွင် လက်တွေ့အသုံးချပါ။

### လေ့ကျင့်ရန်လုပ်ငန်းများ

၁။ တစ်ဦးချင်းစီ သင်ကြားထားသည်များကို လေ့ကျင့်ပါ။ စည်းဝါးကျနစွာ ကတတ်ခြင်းနှင့် မှန်ကန်စွာ ကနိုင်ခြင်း ရှိ မရှိကို အချင်းချင်း အကဲဖြတ်ပါ။ ချစ်စဖွယ် အမူအရာဖြင့် ကရန် သတိပြုပါ။ လိုအပ်ပါက အကြံပြုပါ။

၂။ အဖွဲ့လိုက် သင်ကြားထားသည်များကို လေ့ကျင့်ပါ။ တစ်ဖွဲ့က ကနေစဉ် ကျန်အဖွဲ့များက အဖွဲ့သားတစ်ဦးချင်း စည်းဝါးကျနစွာ ကနိုင်ခြင်း ရှိ မရှိကို အကဲဖြတ်ပါ။ အကြံပြုပါ။ အဖွဲ့လိုက် ညီညီညာညာဖြင့် စည်းဝါးတကျ ပျော်ရွှင်စွာကရ၍ လေ့ကျင့်ပါ။

## ၂-၂ ကန်တော့ပန်းအကနှင့် ငှက်ပျောဖူးလက်အက

### ၂-၂-၁ ကန်တော့ပန်းအကကို သင်ကြားလေ့ကျင့်ခြင်း

ဦးစွာ အမျိုးသားအခြေခံကဗျာလွတ်အက၏ ပထမအဆင့်မှ ကန်တော့ပန်းအကကို လေ့ကျင့်သင်ယူရမည်ဖြစ်သည်။ လေ့ကျင့်ရာတွင် စည်း ၈ ချက်၊ ဝါး ၈ ချက် ပြည့်အောင် ကပါ။

DBE BOX



ပုံ - ၄ (က)
“ခွင်” ပုံစံအနေအထား



ပုံ - ၄ (ခ)
ပထမစည်း



ပုံ - ၄ (ဂ)
ပထမဝါး



ပုံ - ၄ (ဃ)
ဒုတိယစည်း



ပုံ - ၄ (င)
ဒုတိယဝါး



ပုံ - ၄ (စ)
တတိယစည်း



ပုံ - ၄ (ဆ)
တတိယဝါး



ပုံ - ၄ (ဇ)
စတုတ္ထစည်း



ပုံ - ၄ (ဈ)
စတုတ္ထဝါး



ပုံ - ၄ (ည)
ညာခြေ ၊ ညာလက် (စည်း)



ပုံ - ၄ (ဋ)
ဘယ်ခြေ ၊ ဘယ်လက် (စည်း)

ကန်တော့ပန်းအကကို သင်ကြားရာတွင် ပထမဦးစွာ "ခွင်" ပုံစံအနေအထားကို မှန်ကန်စွာယူရန် လိုအပ်ပါသည်။ ပထမစည်းရိုက်ချက်တွင် ညာခြေကို ခွင်ထိုင်သည့် ဇလားပုံစံအတိုင်း ညာဘက်သို့ ဖနောင့်ထိုးလိုက်ပါ။ လက်ကိုလည်း ဆန့်တန်းပြီး လက်ဖျားများကို ထောင်ထားပါ။ ခေါင်းကို ညာဘက်သို့စောင်းထားပါ။ ဝါးရိုက်ချက်တွင် လက်နှစ်ဖက်သည် ဘေးသို့ဆန့်တန်းပြီး ဖြစ်ရမည်။ လက်ဖျားများကို ကော့ထားပါ။ ယင်းအတိုင်း လက်ကိုဝိုက်ယူ၍ လေးဝါးမြောက်တွင် လက်အုပ်ချီပုံစံ ဖြစ်နေရမည်။ ခြေထိုးသည့်ဘက်သို့ ခေါင်းနှင့်ခါးကို အလိုက်သင့်စောင်းရမည်။ ပုံ - ၄ (က)မှ (ဈ) ထိ

ပဥ္စမမြောက်စည်းရိုက်ချက်တွင် ညာဘက်သို့ ခါးကိုညွတ်ကွေး၍ ညာတံတောင်ကို ညာဒူးနားထိ ထားပါ။ ဝါးရိုက်ချက်တွင် လက်အုပ်ချီသဏ္ဍာန် ဖြစ်နေရမည်။ ဖနောင့်ထိုးထားသော ခြေသည် မူလနေရာသို့ ပြန်ရောက်ရမည်။ ဘယ်ဘက်ကိုလည်း ယင်းစည်းဝါးပုံစံအတိုင်း ဆက်လက်ကပြရမည်။ ကသည့်အခါတွင် ခန္ဓာကိုယ်ကို ပျော့ပျောင်းညင်သာစွာ လှုပ်ရှားကပြရမည်။ ယင်းအတိုင်း စည်း ၈ ချက်၊ ဝါး ၈ ချက် ပြည့်အောင် ကပြရမည်။ ပုံ - ၄ (ည)၊ (ဋ)

**အဓိကအချက်များ**

- လှုပ်ရှားမှုတိုင်းတွင် ညာခြေညာလက်မှ စပြီးလှုပ်ရှားရမည်။
- စည်းတွင် ဖနောင့်၊ ဖြောက် (ဝါး) တွင် ဖဝါး (ခွင်) သို့ ပြန်ရောက်ရမည်။
- ချစ်စဖွယ်အမူအရာဖြင့် ပြုံး၍ ကရမည်။
- ကနေစဉ် "ခွင်" ပုံစံမပျက်စေရန် သတိထားရမည်။
- အဖွဲ့လိုက် ကသည့်အခါ စည်း၊ ဝါး ကျနစွာနှင့် ညီညီညာညာကနိုင်ရန် လက်ခုပ်၊ လက်ဖျောက် တီး၍ စည်းဝါးကို မှန်မှန်ရွတ်ဆိုရမည်။

**လေ့ကျင့်ရန်လုပ်ငန်းများ**

၁။ တစ်ဦးချင်း ကန်တော့ပန်းအကကို လေ့ကျင့်ပါ။ နှစ်ယောက်တစ်တွဲ တွဲ၍ လေ့ကျင့်ပါ။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ကူညီပေးပါ။ စည်းဝါးကျနစွာ ကတတ်ခြင်းနှင့် ကကွက်မှန်စွာ ကနိုင်ခြင်း ရှိ မရှိကို အချင်းချင်း အကဲဖြတ်ပါ။ အကြံပြုပါ။

၂။ အဖွဲ့လိုက် ကန်တော့ပန်းအကကို လေ့ကျင့်ပါ။ တစ်ဖွဲ့က ကနေစဉ် ကျန်အဖွဲ့များက အဖွဲ့သား တစ်ဦးချင်း စည်းဝါးတကျ ကကွက်မှန်စွာ ကနိုင်ခြင်းနှင့် ညီညာစွာ ကနိုင်ခြင်း ရှိ မရှိတို့ကို အကဲဖြတ် အကြံပြုပါ။ အဖွဲ့လိုက် ညီညီညာညာဖြင့် စည်းဝါးတကျ ပျော်ရွှင်စွာက၍ လေ့ကျင့်ပါ။

## ၂-၂-၂ ငှက်ပျောဖူးလက်အကကို သင်ကြားလေ့ကျင့်ခြင်း

အမျိုးသားအခြေခံကဗျာလွတ်အက၏ ပထမအဆင့်မှ ငှက်ပျောဖူးလက်အကကို လေ့ကျင့်သင်ယူရမည်ဖြစ်သည်။ လေ့ကျင့်ရာတွင် စည်း ၈ ချက်၊ ဝါး ၈ ချက် ပြည့်အောင် ကပါ။



ပုံ - ၅ (က)
ငှက်ပျောဖူးလက်အက "ခွင်" ပုံစံအနေအထား



ပုံ - ၅ (ခ)
ညာခြေ ၊ ညာလက် (စည်း)



ပုံ - ၅ (ဂ)
ဘယ်ခြေ ၊ ဘယ်လက် (စည်း)

DRAFT BOX

ငှက်ပျော်ဖူးလက်အကကို စတင်သင်ကြားရာတွင် "ခွင်" ပုံစံထိုင်၍ လက်နှစ်ဖက်ကို ရှေ့တည့်တည့်သို့ ဆန့်တန်းထားရမည်။ ယင်းအတိုင်း ဆန့်တန်းထားသောလက်နှစ်ဖက်၏ လက်ဖဝါးနှစ်ခုကို ပူးထားပြီး ငှက်ပျော်ဖူးသဏ္ဍာန် အသင့်အနေအထားရှိရမည်။ ပထမစည်းရိုက်ချက်တွင် ညာခြေကို ခွင်ထိုင်သည့် ဇလားပုံစံအတိုင်း ညာဘက်သို့ ဖနောင့်ထိုးလိုက်ပါ။ ဆန့်တန်းထားသော ငှက်ပျော်ဖူးသဏ္ဍာန် လက်နှစ်ဖက်ကို ပုံမပျက်စေဘဲ ရင်ဘတ်အထိဆွဲယူ၍ ညာတံတောင်အား ထုတ်ထားသော ညာဒူးနှင့်ထိပါ။ ခေါင်းကို ညာဘက်သို့ စောင်းထားရမည်။ ပုံ - ၅ (က)၊ (ခ)

ဝါးရိုက်ချက်တွင် ခြေသည် "ခွင်" ပုံစံ ပြန်ရောက်ရမည်။ လက်နှစ်ဖက်သည် ဆန့်တန်းထားသော ငှက်ပျော်ဖူးသဏ္ဍာန်အတိုင်း ပြန်ရောက်ရမည်။ ပုံ - ၅ (က)

ဒုတိယစည်းရိုက်ချက်တွင် ဘယ်ခြေကို ခွင်ထိုင်သည့် ဇလားပုံစံအတိုင်း ဘယ်ဘက်သို့ ဖနောင့်ထိုးလိုက်ပါ။ ဆန့်တန်းထားသော ငှက်ပျော်ဖူးသဏ္ဍာန် လက်နှစ်ဖက်ကို ပုံမပျက်စေဘဲ ရင်ဘတ်အထိ ဆွဲယူ၍ ဘယ်တံတောင်အား ထုတ်ထားသော ဘယ်ဒူးနှင့်ထိပါ။ ခေါင်းကို ဘယ်ဘက်သို့ စောင်းလျက် မျက်နှာကို ညာဘက်ထောင့်သို့ မော့ထားပါ။ ပုံ - ၅ (ဂ)

ဝါးရိုက်ချက်တွင် ခြေသည် "ခွင်" ပုံစံ ပြန်ရောက်ရမည်။ လက်နှစ်ဖက်သည် ဆန့်တန်းထားသော ငှက်ပျော်ဖူးသဏ္ဍာန်အတိုင်း ပြန်ရောက်ရမည်။ ယင်းအတိုင်း စည်း ၈ ချက်၊ ဝါး ၈ ချက် ပြည့်အောင် ကပြရမည်။ ပုံ - ၅ (က)

**အဓိကအချက်များ**

- လှုပ်ရှားမှုတိုင်းတွင် ညာခြေညာလက်မှ စပြီးလှုပ်ရှားရမည်။
- စည်းတွင် ဖနောင့်၊ ဖြောက် (ဝါး) တွင် ဖဝါး (ခွင်) သို့ ပြန်ရောက်ရမည်။
- ချစ်စဖွယ်အမူအရာဖြင့် ပြုံး၍ ကရမည်။
- ကနေစဉ် "ခွင်" ပုံစံမပျက်စေရန် သတိထားရမည်။
- အဖွဲ့လိုက် ကသည့်အခါ စည်း၊ ဝါး ကျနစွာနှင့် ညီညီညာညာကနိုင်ရန် လက်ခုပ်၊ လက်ဖျောက်တီး၍ စည်းဝါးကို မှန်မှန်ရွတ်ဆိုရမည်။

**လေ့ကျင့်ရန်လုပ်ငန်းများ**

၁။ တစ်ဦးချင်း ငှက်ပျော်ဖူးလက်အကကို လေ့ကျင့်ပါ။ နှစ်ယောက်တစ်တွဲ တွဲ၍ လေ့ကျင့်ပါ။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ကူညီပေးပါ။ စည်းဝါးကျနစွာ ကတတ်ခြင်းနှင့် ကကွက်မှန်စွာ ကနိုင်ခြင်း ရှိ မရှိကို အချင်းချင်း အကဲဖြတ်ပါ။ အကြံပြုပါ။

၂။ အဖွဲ့လိုက် ငှက်ပျောဖူးလက်အကကို လေ့ကျင့်ပါ။ တစ်ဖွဲ့က ကနေစဉ် ကျန်အဖွဲ့များက အဖွဲ့သားတစ်ဦးချင်း စည်းဝါးတကျ ကကွက်မှန်စွာ ကနိုင်ခြင်းနှင့် ညီညာစွာ ကနိုင်ခြင်း ရှိ မရှိတို့ကို အကဲဖြတ် အကြံပြုပါ။ အဖွဲ့လိုက် ညီညီညာညာဖြင့် စည်းဝါးတကျ ပျော်ရွှင်စွာက၍ လေ့ကျင့်ပါ။

### ၂-၂-၃ ကန်တော့ပန်းအကနှင့် ငှက်ပျောဖူးလက်အကတို့ကို စည်းဝါးဒိုးချက်တို့ဖြင့် သင်ကြားလေ့ကျင့်ခြင်း

ကန်တော့ပန်းအကနှင့် ငှက်ပျောဖူးလက်အကတို့ကို စည်းဝါးဒိုးချက်တို့ဖြင့် လေ့ကျင့်သင်ယူရမည်ဖြစ်သည်။


ပုံ - ၆ (က)


ပုံ - ၆ (ခ)


ပုံ - ၆ (ဂ)


ပုံ - ၆ (ဃ)


ပုံ - ၆ (င)


ပုံ - ၆ (စ)



ပုံ - ၆ (ဆ)



ပုံ - ၆ (ဇ)



ပုံ - ၆ (ဈ)



ပုံ - ၆ (ည)



ပုံ - ၆ (ဋ)



ပုံ - ၆ (ဌ)



ပုံ - ၆ (ဍ)



ပုံ - ၆ (ဎ)

ကန်တော့ပန်းအကနှင့် ငှက်ပျော့ဖူးလက်အကတို့၏ ကပြပုံအဆင့်ဆင့်

"ခွင်" ပုံစံ အနေအထား အသင့်ပြင်ပါ။ ကန်တော့ပန်းအကနှင့် ငှက်ပျောဖူးလက်အကကို စည်းဝါးတကျ မှန်ကန်စွာ ကပါ။ စည်းဝါးနှင့်အညီ မကနိုင်သေးသူများကို ကနိုင်သူများက ကူညီပါ။ တစ်ဦးချင်းမှ အဖွဲ့လိုက် ညီညာစွာ ကနိုင်သည်အထိ ပုံပါအတိုင်း ထပ်ကျော့၍ ပြုလုပ်ပါ။

**အဓိကအချက်**

- ကန်တော့ပန်းအကနှင့် ငှက်ပျောဖူးလက်အကတို့ကို သင်ယူစဉ်က အဓိကအချက်များကို ပြန်လည်စဉ်းစားပြီး အကလေ့ကျင့်ရာတွင် လက်တွေ့အသုံးချပါ။

**လေ့ကျင့်ရန်လုပ်ငန်းများ**

၁။ တစ်ဦးချင်းစီ သင်ကြားထားသည်များကို လေ့ကျင့်ပါ။ စည်းဝါးကျနစွာ ကတတ်ခြင်းနှင့် မှန်ကန်စွာ ကနိုင်ခြင်း ရှိ မရှိကို အချင်းချင်း အကဲဖြတ်ပါ။ ချစ်စဖွယ်အမူအရာဖြင့် ကရန် သတိပြုပါ။ လိုအပ်ပါက အကြံပြုပါ။

၂။ အဖွဲ့လိုက် သင်ကြားထားသည်များကို လေ့ကျင့်ပါ။ တစ်ဖွဲ့က ကနေစဉ် ကျန်အဖွဲ့များက အဖွဲ့သား တစ်ဦးချင်း စည်းဝါးကျနစွာ ကနိုင်ခြင်း ရှိ မရှိကို အကဲဖြတ်ပါ။ အကြံပြုပါ။ အဖွဲ့လိုက် ညီညီညာညာဖြင့် စည်းဝါးတကျ က၍ လေ့ကျင့်ပါ။

## ၂-၂-၄ ကန်တော့ပန်းအကနှင့် ငှက်ပျောဖူးလက်အကတို့ကို စည်းဝါးဒိုးချက်တို့ဖြင့် တစ်ဆက်တည်း သင်ကြားလေ့ကျင့်ခြင်း

ကန်တော့ပန်းအကနှင့် ငှက်ပျောဖူးလက်အကတို့ကို စည်းဝါးဒိုးချက်တို့ဖြင့် တစ်ဆက်တည်း လေ့ကျင့်သင်ယူရမည်ဖြစ်သည်။ ကန်တော့ပန်းအကနှင့် ငှက်ပျောဖူးလက်အကတို့ကို စည်းဝါးတကျ မှန်ကန်စွာကပါ။ ဆရာ ကပြသည့် ကကြိုးကကွက်နှင့် စည်းဝါးအနေအထားကို သေချာစွာ မှတ်သားလေ့ကျင့်ပါ။ ကန်တော့ပန်းအကနှင့် ငှက်ပျောဖူးလက်အကတို့ကို တီးလုံးတီးကွက်ဖြင့် စနစ်တကျ ကနိုင်ရန် လေ့ကျင့်ပါ။

**အဓိကအချက်**


- ကန်တော့ပန်းအကနှင့် ငှက်ပျောဖူးလက်အကတို့ကို သင်ယူစဉ်က အဓိကအချက်များကို ပြန်လည်စဉ်းစားပြီး အကလေ့ကျင့်ရာတွင် လက်တွေ့အသုံးချပါ။

**လေ့ကျင့်ရန်လုပ်ငန်းများ**

၁။ တစ်ဦးချင်းစီ သင်ကြားထားသည်များကို လေ့ကျင့်ပါ။ စည်းဝါးကျနစွာ ကတတ်ခြင်းနှင့် မှန်ကန်စွာ ကနိုင်ခြင်း ရှိ မရှိကို အချင်းချင်း အကဲဖြတ်ပါ။ ချစ်စဖွယ်အမူအရာဖြင့် ကရန် သတိပြုပါ။ လိုအပ်ပါက အကြံပြုပါ။

၂။ အဖွဲ့လိုက် သင်ကြားထားသည်များကို လေ့ကျင့်ပါ။ တစ်ဖွဲ့က ကနေစဉ် ကျန်အဖွဲ့များက အဖွဲ့သားတစ်ဦးချင်း စည်းဝါးကျနစွာ ကနိုင်ခြင်း ရှိ မရှိကို အကဲဖြတ်ပါ။ အကြံပြုပါ။ အဖွဲ့လိုက် ညီညီညာညာဖြင့် စည်းဝါးတကျ က၍ လေ့ကျင့်ပါ။

**အခန်း (၂) အကပညာကို ပြန်လည်သုံးသပ်ခြင်း**




DBE BOX

# အခန်း (၂)

## အကပညာ

အခန်း (၂) အကပညာတွင် သတ္တမတန်းကျောင်းသားများ လေ့ကျင့်သင်ယူရန်အတွက် အမျိုးသမီးအခြေခံကဗျာလွတ်အက၏ ပထမအဆင့်မှ မေးထိုးအက၊ သုံးပွင့်ဆိုင်အကနှင့် အမျိုးသားအခြေခံကဗျာလွတ်အက၏ ပထမအဆင့်မှ ကန်တော့ပန်းအက၊ ငှက်ပျောဖူးလက်အကများ ပါဝင်ပါသည်။ ယင်းအခြေခံကဗျာလွတ်ကကွက်များကို လက်တွေ့လေ့ကျင့်ပြီး ယိမ်းအက၊ တိုင်းရင်းသားအကများနှင့် တွဲဖက်ကပြတတ်လာမည်ဖြစ်သည်။ ဆဋ္ဌမတန်းတွင် ကြာဖတ်လှန်အကနှင့် ကြာဆစ်ချိုးအကများကို သင်ယူခဲ့ပြီးဖြစ်သည်။

### ၂-၁ မေးထိုးအကနှင့် သုံးပွင့်ဆိုင်အက

### ၂-၁-၁ မေးထိုးအကကို သင်ကြားလေ့ကျင့်ခြင်း

ဦးစွာ အမျိုးသမီးအခြေခံကဗျာလွတ်အက၏ ပထမအဆင့်မှ မေးထိုးအကကို လေ့ကျင့်သင်ယူရမည်ဖြစ်သည်။ ဆဋ္ဌမတန်းတွင် သင်ယူခဲ့သော ကြာဖတ်လှန်အကနှင့် ကြာဆစ်ချိုးအကတို့ကို ဆရာနှင့်အတူ လေ့ကျင့်ပါ။ လေ့ကျင့်ရာတွင် စည်း ၈ ချက်၊ ဝါး ၈ ချက် ပြည့်အောင် ကပါ။



ပုံ - ၁ (က)

"ခွင်" ပုံစံအနေအထား



ပုံ - ၁ (ခ)

ညာခြေ ၊ ညာလက် (စည်း)



ပုံ - ၁ (ဂ)

ညာခြေ ၊ ညာလက် (ဝါး)

DBE BOX

## ၂-၁-၄ မေးထိုးအကနှင့် သုံးပွင့်ဆိုင်အကတို့ကို စည်းဝါးဒိုးချက်တို့ဖြင့် တစ်ဆက်တည်း သင်ကြားလေ့ကျင့်ခြင်း

မေးထိုးအကနှင့် သုံးပွင့်ဆိုင်အကတို့ကို စည်းဝါးဒိုးချက်တို့ဖြင့် တစ်ဆက်တည်း လေ့ကျင့်သင်ယူရမည်ဖြစ်သည်။ မေးထိုးအကနှင့် သုံးပွင့်ဆိုင်အကကို စည်းဝါးတကျ မှန်ကန်စွာ ကပါ။ ဆရာကပြသည့် ကကြိုးကကွက်နှင့် စည်းဝါးအနေအထားကို သေချာစွာ မှတ်သားလေ့ကျင့်ပါ။ မေးထိုးအကနှင့် သုံးပွင့်ဆိုင်အကတို့ကို တီးလုံးတီးကွက်ဖြင့် စနစ်တကျ ကနိုင်ရန် လေ့ကျင့်ပါ။

**အဓိကအချက်**

- မေးထိုးအကနှင့် သုံးပွင့်ဆိုင်အကတို့ကို သင်ယူစဉ်က အဓိကအချက်များကို ပြန်လည်စဉ်းစားပြီး အကလေ့ကျင့်ရာတွင် လက်တွေ့အသုံးချပါ။

### လေ့ကျင့်ရန်လုပ်ငန်းများ

၁။ တစ်ဦးချင်းစီ သင်ကြားထားသည်များကို လေ့ကျင့်ပါ။ စည်းဝါးကျနစွာ ကတတ်ခြင်းနှင့် မှန်ကန်စွာ ကနိုင်ခြင်း ရှိ မရှိကို အချင်းချင်း အကဲဖြတ်ပါ။ ချစ်စဖွယ် အမူအရာဖြင့် ကရန် သတိပြုပါ။ လိုအပ်ပါက အကြံပြုပါ။

၂။ အဖွဲ့လိုက် သင်ကြားထားသည်များကို လေ့ကျင့်ပါ။ တစ်ဖွဲ့က ကနေစဉ် ကျန်အဖွဲ့များက အဖွဲ့သားတစ်ဦးချင်း စည်းဝါးကျနစွာ ကနိုင်ခြင်း ရှိ မရှိကို အကဲဖြတ်ပါ။ အကြံပြုပါ။ အဖွဲ့လိုက် ညီညီညာညာဖြင့် စည်းဝါးတကျ ပျော်ရွှင်စွာက၍ လေ့ကျင့်ပါ။

## ၂-၂ ကန်တော့ပန်းအကနှင့် ငှက်ပျောဖူးလက်အက

### ၂-၂-၁ ကန်တော့ပန်းအကကို သင်ကြားလေ့ကျင့်ခြင်း

ဦးစွာ အမျိုးသားအခြေခံကဗျာလွတ်အက၏ ပထမအဆင့်မှ ကန်တော့ပန်းအကကို လေ့ကျင့်သင်ယူရမည်ဖြစ်သည်။ လေ့ကျင့်ရာတွင် စည်း ၈ ချက်၊ ဝါး ၈ ချက် ပြည့်အောင် ကပါ။

DBE BOX

# အခန်း (၃)

## အတီးပညာ

အခန်း (၃) အတီးပညာသင်ခန်းစာတွင် သတ္တမတန်းကျောင်းသားများသည် "သကြ်န်မိုး" သီချင်းနှင့် "ဘယ်ပန်းချီရေးလို့မမီ" သီချင်းများကို ပလွေတူရိယာဖြင့် လက်တွေ့တီးမှုတ်လေ့လာ သင်ယူကြရမည်ဖြစ်သည်။ ဂီတသင်္ကေတလေ့ကျင့်ခန်းများကို ထပ်ကာထပ်ကာ လေ့ကျင့်တီးမှုတ်ခြင်းဖြင့် ကဗျာများ၊ ကျေးလက်တေးများနှင့် အခြားတေးသီချင်းများကို ပလွေဖြင့် သံစဉ်မှန်ကန်စွာ တီးမှုတ်လာနိုင်ပေမည်။

### ၃-၁ "သကြ်န်မိုး" သီချင်း

#### ၃-၁-၁ "သကြ်န်မိုး" သီချင်းကို အသံနေအသံထား၊ စည်းဝါးမှန်ကန်စွာ သီဆိုခြင်းနှင့် ဂီတသင်္ကေတကို ရွတ်ဆိုခြင်း

"သကြ်န်မိုး" သီချင်းကို ဆရာက ကိုယ်တိုင်သီဆိုတီးမှုတ်ပြသည် သို့မဟုတ် သီချင်းဖွင့်ပြသည်ကို စာသားအားကြည့်၍ သေချာစွာနားထောင်ပါ။ နှစ်ကြိမ် သို့မဟုတ် သုံးကြိမ်ခန့်မျှ နားထဲစွဲသည်အထိ နားထောင်ပါ။


သီချင်းစာသားကို ကြည့်ရှုနားထောင်ပြီး သီချင်း၏အဓိပ္ပာယ်နှင့် တေးသံစဉ်တို့အပေါ် မည်သို့ ခံစားရသည်ကို အုပ်စုဖွဲ့၍ ဆွေးနွေးပါ။

ထို့နောက် "သကြ်န်မိုး" သီချင်းအား ဆရာက စည်းဝါးတီးခတ်၍ သီဆိုပြသည် သို့မဟုတ် သီချင်းဖွင့်ပြသည်ကို စည်းဝါးအသံနေအသံထားတို့ မှန်ကန်စေရန် ဂရုစိုက်၍ နားထောင်ပါ။ သီချင်းစာသားကိုကြည့်၍ ဆရာနှင့်အတူ လေ့ကျင့်သီဆိုပါ။ မိမိတို့ကိုယ်တိုင် လေ့ကျင့်သီဆိုပါ။

ဆက်လက်၍ "သကြ်န်မိုး" သီချင်းကို " ဒို ရေ မီ " သင်္ကေတဖြင့် သီဆိုလေ့ကျင့်ရမည်ဖြစ်သည်။ ဆရာဆိုပြသော " ဒို ရေ မီ " သင်္ကေတများကို ကြည့်၍ သေချာစွာ နားထောင်ပါ။ ဆရာနှင့်အတူ ၃ ကြိမ်ခန့် လေ့ကျင့်သီဆိုပါ။ မိမိတို့ကိုယ်တိုင် လေ့ကျင့်သီဆိုပါ။

# "သင်္ကြန်မိုး"

တေးရေး – အဉ္စလီမောင်မောင်




DBE BOX




**အဓိကအချက်များ**

- မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော်တွင် ပျော်ရွှင်မြူးကြွစွာ သီဆိုရသည့် တေးသီချင်း ဖြစ်သည်။
- ဝါးလက်စည်းဖြင့် တီးခတ်ရပြီး သီဆိုတီးမှုတ် ကပြရန် လွယ်ကူပါသည်။
- သီချင်းစာသား၊ ဂီတသင်္ကေတနှင့် သံစဉ်စည်းဝါးတို့ မှန်ကန်စေရန် ထပ်ကာထပ်ကာ လေ့ကျင့်ရမည်။

**လေ့ကျင့်ရန်လုပ်ငန်းများ**

၁။ အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ တစ်ဖွဲ့က "သင်္ကြန်မိုး" သီချင်းအား သီဆိုပြီး တစ်ဖွဲ့က စည်းဝါး သို့မဟုတ် လက်ခုပ်တီးပေးပါ။ သံစဉ်စည်းဝါးသီဆိုမှုကို အပြန်အလှန်သီဆိုကြပြီး အချင်းချင်း အကဲဖြတ်ပါ။ အကြံပြုပါ။ မေးမြန်းပါ။

၂။ အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ တစ်ဖွဲ့က သီချင်းစာသားအား သီဆိုပြီး ကျန်တစ်ဖွဲ့က ဂီတသင်္ကေတအား ပြိုင်တူသီဆိုပါ။ ဆရာက စည်းဝါးတီးခတ်ပေးပါ။ အပြန်အလှန် သီဆိုကြပြီး အချင်းချင်း အကဲဖြတ်ပါ။ အကြံပြုပါ။ လိုအပ်ပါက ဆရာ၏ လမ်းညွှန်မှုကို ရယူပါ။

၃။ အဖွဲ့ နှစ်ဖွဲ့ သို့မဟုတ် သင့်လျော်သောအဖွဲ့များ ဖွဲ့၍ တစ်ဖွဲ့ချင်းက "သင်္ကြန်မိုး" သီချင်းအား မည်သို့ရသခံစားရပုံကို ဆွေးနွေးပါ။

DBE BOX

## ၃-၁-၂ "သင်္ကြန်မိုး" သီချင်းကို ပလွေဖြင့် တီးမှုတ်ခြင်း

အောက်ဖော်ပြပါ ဂီတသင်္ကေတ လေ့ကျင့်ခန်းများကို ပထမဦးစွာ လေ့ကျင့်တီးမှုတ်ရပါမည်။ သို့မှသာ သီချင်းတီးမှုတ်ရာတွင် သံစဉ်နှင့်စည်းဝါး (Time and Pitch) နှင့် (Timing) တို့ကို မှန်ကန်စွာ လေ့ကျင့်တီးမှုတ်နိုင်မည်ဖြစ်ပါသည်။

**ပလွေတီးမှုတ်ရန်လေ့ကျင့်ခန်းများ**




ဂီတသင်္ကေတ ပထမ ၂ ဘားကို သေချာစွာကြည့်၍ ပလွေဖြင့် တီးမှုတ်လေ့ကျင့်ပါ။ ပလွေ သံစဉ်၊ ရိုက်ချက် (Time and Pitch) နှင့် (Timing) တို့ကို မှန်ကန်သည်အထိ လေ့ကျင့်တီးမှုတ်ပါ။ ထို့နောက် ဒုတိယ ၂ ဘား၊ တတိယ ၂ ဘား၊ စတုတ္ထ ၂ ဘား တို့ကို ဆက်လက်လေ့ကျင့်တီးမှုတ်ပါ။ လေ့ကျင့်ခန်း ၈ ဘား အားလုံးကို ထပ်ကာထပ်ကာ လေ့ကျင့်တီးမှုတ်ပါ။

"သင်္ကြန်မိုး" သီချင်း၏ သင်္ကေတများကို ပလွေဖြင့် ဆက်လက်တီးမှုတ်ရမည်ဖြစ်ပါသည်။ "သင်္ကြန်မိုး" သီချင်းတွင် အတော၊ ပထမပိုဒ် နှင့် ဒုတိယပိုဒ် ဟူ၍ ၃ ပိုင်းပါဝင်သည်။ ရှေးဦးစွာ ဆရာက ဦးဆောင်ရှင်းပြပြီး အတောကို တစ်ဘားချင်း လေ့ကျင့်တီးမှုတ်သွားရန် ဖြစ်ပါသည်။ အဖွဲ့ (၁) က သီချင်းသင်္ကေတကို ရွတ်ဆိုပြီး အဖွဲ့ (၂) က ပလွေမှုတ်၍ လေ့ကျင့်ပါ။ ထို့နောက် တစ်ဖွဲ့နှင့် တစ်ဖွဲ့ ပြောင်းလဲလေ့ကျင့်ပါ။ ဆရာနှင့်အတူ သံစဉ်စည်းဝါးတို့မှန်ကန်အောင် လေ့ကျင့်ပါ။

သီချင်း ပထမပိုဒ်နှင့် ဒုတိယပိုဒ်တို့ကိုလည်း အထက်ပါအတိုင်း ပလွေဖြင့် တီးမှုတ်လေ့ကျင့်သွားရမည်။

DBEBOX

**အစီကအချက်များ**

- သီချင်းကို ပလွေဖြင့် မတီးမှုတ်မီ သီချင်းသံစဉ်နှင့် သင်္ကေတကို ရှေးဦးစွာ သီဆိုလေ့ကျင့်ရန် လိုအပ်သည်။
- ဂီတသင်္ကေတလေ့ကျင့်ခန်းကို ပလွေဖြင့် တီးမှုတ်လေ့ကျင့်ပေးရမည်။
- "သကြ်န်မိုး" သီချင်းကို သင်္ကေတ ၁ ဘား၊ ၂ ဘား၊ ၄ ဘား မှတစ်ဆင့် (Intro)၊ ပထမပိုဒ်၊ ဒုတိယပိုဒ် တစ်ဆင့်စီ လေ့ကျင့်တီးမှုတ်သွားခြင်းဖြင့် သီချင်းတစ်ပုဒ်လုံးကို တီးမှုတ်နိုင်မည် ဖြစ်ပါသည်။
- သင်္ကေတ "ဒို ရေ မီ" $\dot{1}\ \dot{2}\ \dot{3}$ သည် အမြင့်သံဖြစ်သောကြောင့် ပလွေကို လေပြင်းပြင်းဖြင့် မှုတ်ရမည်။
- သင်္ကေတ "ဒို ရေ မီ" 1 2 3 သည် အလယ်သံဖြစ်သောကြောင့် လေကို ပုံမှန်သာ မှုတ်ရမည်။

**လေ့ကျင့်ရန်လုပ်ငန်းများ**

၁။ အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ တစ်ဖွဲ့က "သကြ်န်မိုး" သီချင်းကို ပလွေဖြင့် တီးမှုတ်ကာ ကျန်တစ်ဖွဲ့က သင်္ကေတ သီဆိုပေးမည်။ နှစ်ဖွဲ့ပူးပေါင်း၍ စည်းဝါးကိုက်ညီရန် အပြန်အလှန်လေ့ကျင့်ရမည်။

၂။ အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ တစ်ဖွဲ့က သီချင်းစာသားကို သီဆိုပြီး ကျန်တစ်ဖွဲ့က ပလွေတီးမှုတ်ကာ အဖွဲ့အားလုံးမှ ပြိုင်တူ သံစဉ်စည်းဝါး မှန်ကန်နေရမည်။ အဖွဲ့အချင်းချင်း ဆွေးနွေးပါ။ ပြုပြင်ပေးပါ။ လိုအပ်ပါက ဆရာ၏ လမ်းညွှန်မှုကို ရယူပါ။

### ၃-၁-၃ "သကြ်န်မိုး" သီချင်းကို ပလွေ၊ စည်း၀ါး၊ အဆိုတို့ဖြင့် စုပေါင်းသီဆို တီးမှုတ် လေ့ကျင့်ခြင်း

"သကြ်န်မိုး" သီချင်းကို ပလွေဖြင့်တီးမှုတ်ရာတွင် ပို၍ သာယာနာပျော်ဖွယ်ဖြစ်စေရန် စည်း၀ါး၊ အဆို၊ အကများဖြင့် တွဲဖက် တီးမှုတ်နိုင်ပေသည်။

"သကြ်န်မိုး" သီချင်းကို ဝါးလတ်စည်းဖြင့် တီးခတ်ရသည်။ ဆရာကဦးဆောင်ပြီး သီချင်းအဆို သို့မဟုတ် သီချင်းဖွင့်ကာ စည်းချိန်မှန်မှန်ဖြင့် တီးခတ်ပြသည်ကို သေချာစွာနားထောင်ပါ။ ထို့နောက် ဆရာနှင့်အတူ စည်းဝါး သို့မဟုတ် လက်ခုပ်တီးကာ သီဆိုတီးမှုတ် လေ့ကျင့်ကြရမည်။

ရှေးဦးစွာ သီချင်း (Intro)၊ ထို့နောက် ပထမအပိုဒ်၊ ဆက်လက်ပြီး ဒုတိယအပိုဒ်တို့ကို အဆင့်ဆင့်လေ့ကျင့်ခြင်းဖြင့် သီချင်းတစ်ပုဒ်လုံး စည်းဝါးတီးခတ်ကာ သီဆိုတီးမှုတ်နိုင်ကြရမည်ဖြစ်ပါ သည်။

**အစီကအချက်များ**

- ဂီတသင်ခန်းစာတစ်ချိန်လုံးတွင် "သကြ်န်မိုး" သီချင်း သီဆိုတီးမှုတ်သံများဖြင့် အားလုံးမြူးကြွ ပျော်ရွှင်နေရန်ဖြစ်ပါသည်။
- သီချင်းကို ကိုယ်တိုင်သီဆိုတီးမှုတ်ခြင်းဖြင့်လည်းကောင်း၊ အသံဖိုင်ဖွင့်၍လည်းကောင်း စုပေါင်း ပြီး သီဆိုတီးမှုတ် လေ့ကျင့်နိုင်ပါသည်။
- "သကြ်န်မိုး" သီချင်းကို ဝါးလတ်စည်းဖြင့် တီးခတ်ရမည်။

**လေ့ကျင့်ရန်လုပ်ငန်းများ**

၁။ အဖွဲ့ လေးဖွဲ့ ဖွဲ့စည်းပြီး ပထမအဖွဲ့က သီချင်းအဆို၊ ဒုတိယအဖွဲ့က ပလွေတီးမှုတ်၊ တတိယ အဖွဲ့က စည်းဝါးတီးခတ်၍ ကျန်အဖွဲ့က ကပြကာ "သကြ်န်မိုး" သီချင်းကို စုပေါင်းလေ့ကျင့်ကြရန် ဖြစ်ပါသည်။ ထို့နောက် တစ်ဖွဲ့နှင့် တစ်ဖွဲ့ပြောင်းလဲလေ့ကျင့်ပါ။

၂။ နှစ်ယောက်တစ်တွဲဖြစ်စေ၊ တစ်ယောက်ချင်းဖြစ်စေ ဆက်လက်လေ့ကျင့်သွားရပါမည်။

## ၃–၂ "ဘယ်ပန်းချီရေးလို့မမီ" သီချင်း

### ၃–၂–၁ "ဘယ်ပန်းချီရေးလို့မမီ" သီချင်းကို အသံနေအသံထား၊ စည်းဝါးမှန်ကန်စွာ သီဆိုခြင်းနှင့် ဂီတသင်္ကေတကို ရွတ်ဆိုခြင်း

"ဘယ်ပန်းချီရေးလို့မမီ" သီချင်းကို ဆရာက ကိုယ်တိုင်သီဆိုတီးပြသည် သို့မဟုတ် သီချင်းဖွင့်ပြ သည်ကို စာသားအားကြည့်၍ သေချာစွာနားထောင်ပါ။ နှစ်ကြိမ်၊ သုံးကြိမ်ခန့် သံစဉ်နားစွဲသည်အထိ နားထောင်ပါ။ သီချင်းစာသားကို ကြည့်ရှုနားထောင်ပြီး သီချင်း၏ အဓိပ္ပာယ်နှင့် တေးသံစဉ်တို့အပေါ် မည်သို့ခံစားရသည်ကို အုပ်စုဖွဲ့၍ ဆွေးနွေးပါ။

ထို့နောက် "ဘယ်ပန်းချီရေးလို့မမီ" သီချင်းအား ဆရာက စည်းဝါးတီးခတ်၍ သီဆိုပြသည် သို့မဟုတ် သီချင်းဖွင့်ပြသည်ကို စည်းဝါးနှင့်အသံနေအသံထားတို့ မှန်ကန်စေရန် ဂရုစိုက်၍ နားထောင် ပါ။ သီချင်းစာသားအားကြည့်၍ ဆရာနှင့်အတူ လေ့ကျင့်သီဆိုပါ။ မိမိတို့ကိုယ်တိုင် လေ့ကျင့်သီဆိုပါ။

ထို့နောက် "ဘယ်ပန်းချီရေးလို့မမီ" သီချင်းကို "ဒို ရေ မီ" သင်္ကေတဖြင့် သီဆိုလေ့ကျင့်ရ မည်ဖြစ်သည်။ "ဘယ်ပန်းချီရေးလို့မမီ" သီချင်းအား ဆရာက "ဒို ရေ မီ" သင်္ကေတဖြင့် သီဆိုပြသည် သို့မဟုတ် သီချင်းဖွင့်ပြသည်ကို သေချာစွာနားထောင်ပါ။ သင်္ကေတကိုကြည့်၍ ဆရာနှင့်အတူ ၃ ကြိမ်ခန့် လေ့ကျင့်သီဆိုပါ။ မိမိတို့ကိုယ်တိုင် လေ့ကျင့်သီဆိုပါ။



DRE BOX

# "ဘယ်ပန်းချီရေးလို့မမီ"

တေးပြုစာဆို – ရွှေမဝ မောင်ဆွေတင့်






## အဓိကအချက်များ

- သီချင်းစာသား၊ ဂီတသင်္ကေတနှင့် သံစဉ်စည်းဝါးတို့ မှန်ကန်စေရန် ထပ်ကာထပ်ကာ လေ့ကျင့်ရမည်။
- ဝါးလတ်စည်းဖြင့် တီးခတ်ရမည်။
- မြန်မာတို့၏ ကာလပေါ်တေးများကို ပျော်ရွှင်စွာသင်ကြားရင်း မြန်မာ့ရိုးရာကို နှစ်သက်မြတ်နိုးထိန်းသိမ်းတတ်လာမည်။

**လေ့ကျင့်ရန်လုပ်ငန်းများ**

၁။ အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ တစ်ဖွဲ့က "ဘယ်ပန်းချီရေးလို့မမီ" သီချင်းအား သီဆိုပြီး တစ်ဖွဲ့က စည်းဝါး သို့မဟုတ် လက်ခုပ်တီးပေးပါ။ အပြန်အလှန်သီဆိုကြပြီး သံစဉ်စည်းဝါးကျနစွာ သီဆိုမှုကို အချင်းချင်း အကဲဖြတ်ပါ။ အကြံပြုပါ။ မေးမြန်းပါ။

၂။ အဖွဲ့ နှစ်ဖွဲ့တွင် တစ်ဖွဲ့က သီချင်းစာသားအား သီဆိုပြီး ကျန်အဖွဲ့က ဂီတသင်္ကေတအား ပြိုင်တူသီဆိုပါ။ ဆရာက စည်းဝါးတီးပေးပါ။ အပြန်အလှန် သီဆိုကြပြီး အချင်းချင်းအကဲဖြတ်ပါ။ အကြံပြုပါ။ ကူညီသီဆိုပါ။



DBE Box

၃။ အဖွဲ့ နှစ်ဖွဲ့ (သို့မဟုတ်) သင့်လျော်သောအဖွဲ့များ ဖွဲ့၍ တစ်ဖွဲ့ချင်းက "ဘယ်ပန်းချီရေးလို့မမီ" သီချင်းအား မည်သို့ရသခံစားရပုံကို ဆွေးနွေးပါ။

## ၃-၂-၂ "ဘယ်ပန်းချီရေးလို့မမီ" သီချင်းကို ပလွေဖြင့် တီးမှုတ်ခြင်း

"ဘယ်ပန်းချီရေးလို့မမီ" သီချင်း၏ သင်္ကေတများကို ပလွေဖြင့် သံစဉ်မှန်ကန်၍ စည်းဝါး မှန်ကန်စွာ တီးမှုတ်ရမည် ဖြစ်ပါသည်။ "ဘယ်ပန်းချီရေးလို့မမီ" သီချင်းတွင် (Intro)၊ ပထမပိုဒ်၊ ဒုတိယပိုဒ်နှင့် တတိယပိုဒ် ဟူ၍ ၃ ပိုင်း ပါဝင်သည်။ ရှေးဦးစွာ ဆရာက ဦးဆောင်ရှင်းပြပြီး (Intro) ကို တစ်ဘားချင်း လေ့ကျင့်တီးမှုတ်သွားရန် ဖြစ်ပါသည်။ အဖွဲ့ (၁) က သီချင်းသင်္ကေတ ရွတ်ဆို၍ အဖွဲ့ (၂) က ပလွေမှုတ်ပြီး လေ့ကျင့်ပါ။ ထို့နောက် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပြောင်းလဲလေ့ကျင့်ပါ။ ဆရာက စည်းဝါးမှန်ကန်အောင် လမ်းညွှန်လေ့ကျင့်ပေးပါ။

သီချင်း ပထမပိုဒ်၊ ဒုတိယပိုဒ်နှင့် တတိယပိုဒ်တို့ကိုလည်း အထက်ပါအတိုင်း ပလွေဖြင့် တီးမှုတ်လေ့ကျင့်သွားရမည်။

**အဓိကအချက်များ**

- သီချင်းကို ပလွေဖြင့် မတီးမှုတ်မီ သီချင်းသံစဉ်နှင့် သင်္ကေတကို ရှေးဦးစွာ သီဆိုလေ့ကျင့်ရမည်။
- ဂီတသင်္ကေတကို ကြည့်၍ သံစဉ်မှန်ကန်စွာနှင့် စည်းဝါးမှန်ကန်စွာ ပလွေဖြင့် တီးမှုတ်လေ့ကျင့်ရမည် ။
- "ဘယ်ပန်းချီရေးလို့မမီ" သီချင်းကို သင်္ကေတ ၁ ဘား၊ ၂ ဘား၊ ၄ ဘားမှတစ်ဆင့် အတော (Intro)၊ ပထမပိုဒ်၊ ဒုတိယပိုဒ်နှင့် တတိယပိုဒ် တစ်ဆင့်စီ တီးမှုတ်သွားခြင်းဖြင့် သီချင်းတစ်ပုဒ်လုံးကို တီးမှုတ်သွားနိုင်မည်။
- သင်္ကေတ "ဒို ရေ မီ" $\dot{1}\ \dot{2}\ \dot{3}$ သည် အမြင့်သံဖြစ်သောကြောင့် ပလွေကို လေပြင်းပြင်းဖြင့် မှုတ်ရမည်။
- သင်္ကေတ "ဒို ရေ မီ" 1 2 3 သည် အလယ်သံဖြစ်သောကြောင့် လေကို ပုံမှန်သာ မှုတ်ရမည်။

**လေ့ကျင့်ရန်လုပ်ငန်းများ**

၁။ အဖွဲ့ နှစ်ဖွဲ့ ဖွဲ့၍ တစ်ဖွဲ့က "ဘယ်ပန်းချီရေးလို့မမီ" သီချင်းကို ပလွေတီးမှုတ်ကာ ကျန်တစ်ဖွဲ့က လက်ခုပ်တီး၍ သင်္ကေတ သီဆိုပေးရမည်။ နှစ်ဖွဲ့ပူးပေါင်း၍ စည်းဝါးကိုက်ညီရန် လေ့ကျင့်ရမည်။

၂။ အဖွဲ့ သုံးဖွဲ့ ဖွဲ့၍ တစ်ဖွဲ့က သီချင်းသင်္ကေတကို သီဆို၊ တစ်ဖွဲ့က လက်ခုပ်တီး၊ ကျန်တစ်ဖွဲ့က ပလွေတီးမှုတ်ကာ အဖွဲ့အားလုံးပြိုင်တူ သံစဉ်စည်းဝါးမှန်ကန်စွာ လေ့ကျင့်ရမည်။ အဖွဲ့အချင်းချင်း ဆွေးနွေးပါ။ ပြုပြင်ပေးပါ။ ကူညီပေးပါ။



DBE Box

## ၃-၂-၃ "ဘယ်ပန်းချီရေးလို့မမီ" သီချင်းကို ပလွေ၊ စည်းဝါး၊ အဆိုတို့ဖြင့် စုပေါင်းသီဆိုတီးမှုတ်လေ့ကျင့်ခြင်း

"ဘယ်ပန်းချီရေးလို့မမီ" သီချင်းကို ပလွေဖြင့် တီးမှုတ်ရာတွင် ပို၍ သာယာနာပျော်ဖွယ်ဖြစ်စေရန် စည်းဝါး၊ အဆိုတို့ဖြင့် တွဲဖက် တီးမှုတ်နိုင်ပေသည်။

"ဘယ်ပန်းချီရေးလို့မမီ" သီချင်းကို ဝါးလတ်စည်းဖြင့် တီးခတ်ရသည်။ ဆရာက ဦးဆောင်ပြီး သီချင်းအဆို သို့မဟုတ် သီချင်းဖွင့်ပြကာ စည်းချိန်မှန်မှန်ဖြင့် တီးခတ်ပြရပါမည်။ ဆရာနှင့်အတူ စည်းဝါး သို့မဟုတ် လက်ခုပ်တီးကာ သီဆိုတီးမှုတ် လေ့ကျင့်ကြရပါမည်။

ရှေ့ဦးစွာသီချင်း (Intro)၊ ထို့နောက် ပထမပိုဒ်၊ ဒုတိယပိုဒ်နှင့် တတိယပိုဒ်တို့ကို အဆင့်ဆင့် လေ့ကျင့်ခြင်းဖြင့် သီချင်းတစ်ပုဒ်လုံး စည်းဝါးတီးခတ်ကာ သီဆိုတီးမှုတ်နိုင်ကြမည် ဖြစ်သည်။

**အဓိကအချက်များ**

- ဂီတသင်္ကေတ သင်ခန်းစာတစ်ချိန်လုံးတွင် "ဘယ်ပန်းချီရေးလို့မမီ" သီချင်းကို အားလုံးကြည်နူးပျော်ရွှင်စွာလေ့ကျင့်ရင်း ကျွမ်းကျင်စွာ တီးမှုတ်နိုင်မည်။
- သီချင်းကို ကိုယ်တိုင်သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ တစ်လှည့်စီလေ့ကျင့်ခြင်းနှင့် စုပေါင်းပြီး သီဆိုတီးမှုတ်ခြင်းဖြင့် ကျွမ်းကျင်မှုများရရှိလာနိုင်မည်။

**လေ့ကျင့်ရန်လုပ်ငန်းများ**

၁။ အဖွဲ့ သုံးဖွဲ့ ဖွဲ့၍ ပထမအဖွဲ့က သီချင်းအဆို၊ ဒုတိယအဖွဲ့က ပလွေတီးမှုတ်၊ တတိယအဖွဲ့က စည်းဝါးတီးခတ်ကာ "ဘယ်ပန်းချီရေးလို့မမီ" သီချင်းကို စုပေါင်းလေ့ကျင့်ကြရန် ဖြစ်ပါသည်။ ထို့နောက် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပြောင်းလဲလေ့ကျင့်ပါ။

၂။ နှစ်ယောက်တစ်တွဲဖြစ်စေ၊ တစ်ယောက်ချင်းဖြစ်စေ ဆက်လက်လေ့ကျင့်သွားရပါမည်။

## ၃-၃ အထွေထွေဗဟုသုတ

### ၃-၃-၁ ဝန်ကြီးပဒေသရာဇာ

ဝန်ကြီးပဒေသရာဇာကို မြန်မာသက္ကရာဇ် ၁၀၄၅ ခုနှစ်ခန့် အင်းဝဘုရင်၊ အင်္ဂါမင်းလက်ထက်တွင် ဖွားမြင်ခဲ့သည်ဟု မှန်းဆရပါသည်။ သာမန်လက်အောက်ငယ်သားများ ရခဲလှသော ရာဇတပ်ဘွဲ့ဖြစ်သည့် ပဒေသရာဇာဘွဲ့ကို ချီးမြှင့်ခြင်းခံခဲ့ရသူ စာဆိုကျော်ကြီးလည်းဖြစ်သည်။

၁၀၆၀ ပြည့်နှစ် စနေမင်းလက်ထက်တွင် စုရေးစုကိုင်အဖြစ် ထမ်းရွက်နေစဉ် ကဗျာသီချင်းများကို ရေးသားဆက်သွင်းခဲ့ရာ လက်ဝဲရွှေတောင်ဘွဲ့နှင့်အတူ မန်ကျည်းတုံရွာကို အပိုင်စားအပ်နှင်းခဲ့သည်။



DBE Box

၁၀၉၅ ခုနှစ် ဟံသာဝတီရောက် မင်းတရားကြီးလက်ထက် ဆက်လက်အမှုထမ်းခဲ့ရာတွင် ပညာအရည်အချင်းနှင့် ပြည့်စုံသောကြောင့် ဘယကျော်သူဘွဲ့၊ မင်းရဲမင်းလှကျော်ထင်ဘွဲ့များကို ပေးအပ်ကာ အသည်ဝန်ကြီးအဖြစ်လည်း ခန့်ထားခြင်းခံရသည်သာမက ဇရွှံရွာကိုလည်း အပိုင်စား ချီးမြှင့်ခံခဲ့ရသည်။ မင်းတရားကြီးကိုယ်တိုင် စာဆိုဖြစ်သည့်အလျောက် ဝန်ကြီး၏ အစီအကုံး အနှုန်းအဖွဲ့တို့ကို အလွန်နှစ်သက်တော်မူလှသဖြင့် ရတုကဗျာအရေးအသားတွင် တံခွန်စိုက်ဖြစ်ခဲ့သူ တောင်ငူဘုရင်၏ဘွဲ့နာမတော်အတိုင်း နတ်ရှင်နောင်ဟူသောဘွဲ့ကို ချီးမြှင့်တော်မူခဲ့သည်။ ထို့နောက်တစ်ဖန် ဘုရင်ငယ်တစ်ဆူဟု အဓိပ္ပာယ်ထွက်သော ပဒေသရာဇာဘွဲ့ကို ပေးအပ်မြှောက်စားခဲ့သည်။

ဝန်ကြီးပဒေသရာဇာသည် ကြိုးသီချင်းများ၊ တျာချင်းဘွဲ့များ၊ သီချင်းခံများ၊ တမ်းချင်း၊ ဧချင်း၊ အဲချင်း၊ လူးတား၊ ရတုပိုဒ်စုံ၊ တေးထပ်နှင့် ပျို့သီချင်းများကို ရေးသားပြုစုခဲ့သည်။ ယင်းတို့အနက် ထန်းတက်ဘွဲ့ (နွေဦးကာလ)၊ လယ်ထွန်ဘွဲ့ (ဝဿန်ကာလ)၊ ပိန်းကောလှေဘွဲ့ (မိုးဦးကာလ)၊ လှေကြီးဘွဲ့ (တပေါင်းမာသ)၊ တောဆင်ဖမ်းဘွဲ့ (ဝဿန်ငယ်မာသ)၊ နွားဝန်တင်ဘွဲ့ (ဆောင်းဦးကာလ) စသည့်တျာချင်းများမှာ ထင်ရှားခဲ့ပေသည်။

ဤသို့ဖွဲ့ဆိုရာတွင် ဝန်ကြီးသည် ဘာသာရေး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုဆက်ဆံရေးတို့တွင် မင်းမျိုးမတ်တစ်စုတို့သာမက ကုန်သည်၊ ဆင်းရဲသား၊ လက်လုပ်လက်စားသမားများအတွက်ပါ အလေးပေး၍ ရေးသားခဲ့သည်ကို တွေ့ရှိရပေသည်။ ဝန်ကြီးပဒေသရာဇာသည် အသက် ၈၀ နှစ် အရွယ်တွင် ကွယ်လွန်ခဲ့ပြီးနောက် သန်လျင်မြို့ ရှင်ပင်ကျိုက်ခေါက်ဘုရားတည်ရာ တောင်ကုန်း၏ မြောက်မျက်နှာဘက်တွင် ဝန်ကြီး၏အရိုးဂူကို ယခုတိုင် တွေ့မြင်နိုင်ပေသည်။

ဤသို့ဖြင့် ဝန်ကြီးပဒေသရာဇာသည် မြန်မာ့စာပေနှင့်ဂီတသမိုင်းတွင် ကမ္ပည်းမော်ကွန်းတင်ခဲ့ကာ လေးစားအတုယူထိုက်သော စာဆိုရှင် စာဆိုကျော်ကြီးတစ်ဦးဖြစ်ပေတော့သည်။

**အဓိကအချက်များ**

- ဝန်ကြီးပဒေသရာဇာသည် စုရေးစုကိုင်မင်းမှုထမ်းအဖြစ်စတင်ထမ်းဆောင်ခဲ့သည်။
- ကဗျာ၊ လင်္ကာများကို ငယ်စဉ်ကပင်စတင်ရေးသားခဲ့သည်။
- ပျို့သီချင်းများနှင့် တျာချင်းများမှာ အထူးထင်ရှားအောင်မြင်ခဲ့သည်။
- ကြိုး၊ ဘွဲ့၊ သီချင်းခံ၊ တျာချင်း၊ ဧချင်း၊ အဲချင်း၊ ရတု၊ တေးထပ် စသည့်သီချင်းများကို ရေးသားပြုစုခဲ့သည်။
- အဆင့်ဆင့်ရရှိခဲ့သော ဘွဲ့များမှာ ဘယကျော်သူဘွဲ့၊ မင်းရဲမင်းလှကျော်ထင်ဘွဲ့၊ နတ်ရှင်နောင်ဘွဲ့၊ ပဒေသရာဇ်ဘွဲ့နှင့် ပဒေသရာဇာဘွဲ့များဖြစ်သည်။
- စုရေးစုကိုင်အမှုထမ်းမှစ၍ ရွာစား၊ မြို့စား၊ ဝန်ကြီးအထိ ချီးမြှင့်ခံခဲ့ရသည်။



DBE Box

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ ဝန်ကြီးပဒေသရာဇာသည် မည်သည့်ခေတ်တွင် ထင်ရှားသောစာဆိုဖြစ်သနည်း။

၂။ ပဒေသရာဇာဟူသော ဝေါဟာရ၏ အဓိပ္ပာယ်ကို ရှင်းပြပါ။

၃။ ဝန်ကြီးပဒေသရာဇာသည် မည်သည်တို့ကို ရေးသားပြုစုခဲ့သနည်း။

၄။ ဝန်ကြီးပဒေသရာဇာရေးသားခဲ့သော တျာချင်း (၃) ပုဒ်မျှကို ဖော်ပြပါ။

## ၃-၃-၂ ဝါးလတ်စည်း

မြန်မာ့ဂီတအနုပညာတွင် စည်းနှင့်ဝါးသည် အခြေခံအကျဆုံးနှင့် အဓိကအရေးကြီးသော တူရိယာဖြစ်ပေသည်။ သီချင်းသံစဉ်နှင့်အတူ စည်းဝါးမှန်ကန်စွာ စည်းချိန် ကောင်းမှသာ သီချင်းသည် ပို၍ ရသမြောက်မည်ဖြစ်ပါသည်။ ထို့အတူ အကပညာတွင်လည်း စည်းဝါးမှန်ကန်ပြီး ဒိုးကွက်စည်းချက် ညီမှသာ ရသမြောက်သော ကကွက်ကို ကနိုင်ပေမည်။

အခြေခံစည်းဝါး တီးခတ်ရာတွင် တီးခတ်နည်း ၄ မျိုးရှိသည်။ ယင်းတို့မှာ-

(၁) ဝါးလတ်စည်းတီးခတ်နည်း

(၂) စည်းသုတ်တီးခတ်နည်း

(၃) စုံစည်းတီးခတ်နည်း

(၄) နရီစည်းတီးခတ်နည်း တို့ဖြစ်ပါသည်။

**ဝါးလတ်စည်းတီးခတ်နည်း**

စည်း၊ ဝါး၊ စည်း၊ ဝါး ဟူ၍ စည်းနှင့်ဝါး တစ်လှည့်စီ တီးခတ်ခြင်းကို ဝါးလတ်စည်းဟုခေါ်သည်။ မနှေးမမြန် စည်းချိန်ကို မှန်မှန်တီးခတ်ရမည်။ သီချင်းပေါ်မူတည်၍ ဝါးလတ်စည်း အစိပ်နှင့်အကျဲကို နှစ်မျိုးခွဲခြားတီးခတ်နိုင်ပါသည်။

အောက်ပါသီချင်းကို ဆရာက သီဆိုခြင်း သို့မဟုတ် သီချင်းဖွင့်ပြပြီး ဝါးလတ်စည်းဖြင့် တီးခတ်ပြရန်ဖြစ်သည်။ ကျောင်းသားများမှ ဆရာနှင့်အတူ တီးခတ်လေ့ကျင့်ပါ။

ဝါးလတ်စည်းကို အခြားလွယ်ကူသော သီချင်းများဖြင့်လည်း သီဆိုတီးမှုတ်လေ့ကျင့်နိုင်ပါသည်။

DBE BOX

စိန် စိန် စိန် လား မောင် တို့ စိန် ပဲ ဗျို့ စိန် ပဲ ဗျို့

မြ မြ မြ လား မောင် တို့ မြ ပဲ ဗျို့ မြ ပဲ ဗျို့

ရွှေ လွယ် ကြိုး နှင့် စိန် အိုး စည် ဗျ

( လက် ချိုး ညီ ညီ က ကြ ပါ စို့ ) ၂

ရွှေ လွယ် ကြိုး နှင့် စိန် အိုး စည် ဗျို့

| | |
|---|---|
| စည်း | = |
| ဝါး | = |

**အဓိကအချက်များ**

- ဝါးလတ်စည်းဟူသည်မှာ စည်းတစ်ချက်၊ ဝါးတစ်ချက်ဖြင့် တစ်လှည့်စီ တီးခတ်ခြင်းကို ခေါ်သည်။
- သီချင်းများကို ဝါးလတ်စည်း တီးခတ်ပေးရာတွင် သီချင်းအနေအထားပေါ် မူတည်၍ အချို့မှာ ဝါးနှင့်စပြီး အချို့မှာ စည်းနှင့်စကာ တီးရသည်။
- သီချင်းအဆုံးတွင်မူ ဝါးဖြင့် အဆုံးသတ်ရသည်။ ကြိုးသီချင်းနှင့် ကာလပေါ် တေးများတွင် အများဆုံးအသုံးပြုသည်။
- ဝါးလတ်စည်းအစိပ်နှင့် ဝါးလတ်စည်းအကျဲဟူ၍ နှစ်မျိုးခွဲခြားတီးခတ်နိုင်သည်။
- သီချင်းတစ်ပုဒ်ကို စည်းဝါးရိုက်ချက် သင်္ကေတထည့်ပြီးလည်း ဝါးလတ်စည်းကို တီးခတ်လေ့ကျင့်နိုင်သည်။

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ အခြေခံစည်းဝါးတီးခတ်နည်း မည်မျှရှိသနည်း။ ယင်းတို့ကို ဖော်ပြပါ။

၂။ မည်သို့သောစည်းကို ဝါးလတ်စည်းဟု ခေါ်သနည်း။

၃။ ဝါးလတ်စည်းကို မည်သို့တီးခတ်နိုင်သနည်း။




DBE BOX

### ၃-၃-၃ မြန်မာ့ဝါးပတ္တလားတူရိယာ

ပတ္တလားတူရိယာသည် မြန်မာ့ယဉ်ကျေးမှုအနုပညာတူရိယာတစ်မျိုးဖြစ်ပြီး အတီးပညာရပ်များအတွက် အခြေခံအကျဆုံး တူရိယာဖြစ်သည်။ ပတ္တလားတူရိယာတွင် ပတ္တလားအိမ်၊ ပတ္တလားအရွက်နှင့် လက်ခတ်ဟူ၍ ပါဝင်သည်။ ပတ္တလားအရွက်တွင် ပတ္တလားအဆံ ၂၄ ဆံရှိပြီး သံစဉ် ၇ ပါး ၃ ပြန် ပါဝင်သည်။ ရှေးခေတ်များက အငြိမ့်အဖွဲ့များတွင် ဝါးပတ္တလားကို အဓိကဂီတတူရိယာအဖြစ် အသုံးပြုခဲ့ကြသည်။

**ပတ္တလားသံစဉ် ၇ ပါး**

| | | | | | | | |
|---|---|---|---|---|---|---|---|
| ဒို | ရေ | မီ | ဖာ | ဆို | လာ | တီ | ဒို |
| 1 | 2 | 3 | 4 | 5 | 6 | 7 | 1 |
| ၁ ပေါက် (သံမှန်) | ၇ ပေါက် | ၆ ပေါက် | ၅ ပေါက် | ၄ ပေါက် | ၃ ပေါက် | ၂ပေါက် | ၁ပေါက် (သံမှန်) |




DBBOX

**အဓိကအချက်များ**


- မြန်မာ့ရိုးရာဂီတတူရိယာဖြစ်သော ပတ္တလားတီးခတ်ခြင်းပညာရပ်ကို မြတ်နိုးထိန်းသိမ်း တတ်မြောက်ရန် လိုအပ်ပါသည်။
- ဝါးပတ္တလားပေါ်တွင်ဂီတသင်္ကေတများ ရေးထားပြီး လေ့ကျင့်ခန်းများနှင့် သီချင်းသင်္ကေတများကို ကြည့်ကာ တီးခတ်လေ့ကျင့်နိုင်ပါသည်။
- ပတ္တလားတွင် သံစဉ် ၇ ပါး ပါဝင်သည်။

**လေ့ကျင့်ရန်လုပ်ငန်းများ**

၁။ ဝါးပတ္တလားတွင် ပါဝင်သော သံစဉ် ၇ ပါးကို အချင်းချင်းဆွေးနွေးပါ။

၂။ ဝါးပတ္တလားကို မြန်မာ့ယဉ်ကျေးမှုအနုပညာပစ္စည်းအဖြစ် မည်သို့အသုံးပြုပုံများကို မေးမြန်း ဆွေးနွေးစေရန်ဖြစ်ပါသည်။

**အခန်း (၃) အတီးပညာကို ပြန်လည်သုံးသပ်ခြင်း**




DBE BOX

# အခန်း (၃)

## အတီးပညာ

အခန်း (၃) အတီးပညာသင်ခန်းစာတွင် သတ္တမတန်းကျောင်းသားများသည် "သကြ်န်မိုး" သီချင်းနှင့် "ဘယ်ပန်းချီရေးလို့မမီ" သီချင်းများကို ပလွေတူရိယာဖြင့် လက်တွေ့တီးမှုတ်လေ့လာသင်ယူကြရမည်ဖြစ်သည်။ ဂီတသင်္ကေတလေ့ကျင့်ခန်းများကို ထပ်ကာထပ်ကာ လေ့ကျင့်တီးမှုတ်ခြင်းဖြင့် ကဗျာများ၊ ကျေးလက်တေးများနှင့် အခြားတေးသီချင်းများကို ပလွေဖြင့် သံစဉ်မှန်ကန်စွာ တီးမှုတ်လာနိုင်ပေမည်။

### ၃-၁ "သကြ်န်မိုး" သီချင်း

#### ၃-၁-၁ "သကြ်န်မိုး" သီချင်းကို အသံနေအသံထား၊ စည်းဝါးမှန်ကန်စွာ သီဆိုခြင်းနှင့် ဂီတသင်္ကေတကို ရွတ်ဆိုခြင်း

"သကြ်န်မိုး" သီချင်းကို ဆရာက ကိုယ်တိုင်သီဆိုတီးမှုတ်ပြသည် သို့မဟုတ် သီချင်းဖွင့်ပြသည်ကို စာသားအားကြည့်၍ သေချာစွာနားထောင်ပါ။ နှစ်ကြိမ် သို့မဟုတ် သုံးကြိမ်ခန့်မျှ နားထဲစွဲသည်အထိ နားထောင်ပါ။

သီချင်းစာသားကို ကြည့်ရှုနားထောင်ပြီး သီချင်း၏အဓိပ္ပာယ်နှင့် တေးသံစဉ်တို့အပေါ် မည်သို့ခံစားရသည်ကို အုပ်စုဖွဲ့၍ ဆွေးနွေးပါ။

ထို့နောက် "သကြ်န်မိုး" သီချင်းအား ဆရာက စည်းဝါးတီးခတ်၍ သီဆိုပြသည် သို့မဟုတ် သီချင်းဖွင့်ပြသည်ကို စည်းဝါးအသံနေအသံထားတို့ မှန်ကန်စေရန် ဂရုစိုက်၍ နားထောင်ပါ။ သီချင်းစာသားကိုကြည့်၍ ဆရာနှင့်အတူ လေ့ကျင့်သီဆိုပါ။ မိမိတို့ကိုယ်တိုင် လေ့ကျင့်သီဆိုပါ။

ဆက်လက်၍ "သကြ်န်မိုး" သီချင်းကို " ဒို ရေ မီ " သင်္ကေတဖြင့် သီဆိုလေ့ကျင့်ရမည်ဖြစ်သည်။ ဆရာဆိုပြသော " ဒို ရေ မီ " သင်္ကေတများကို ကြည့်၍ သေချာစွာ နားထောင်ပါ။ ဆရာနှင့်အတူ ၃ ကြိမ်ခန့် လေ့ကျင့်သီဆိုပါ။ မိမိတို့ကိုယ်တိုင် လေ့ကျင့်သီဆိုပါ။

**အဓိကအချက်များ**

- ဂီတသင်ခန်းစာတစ်ချိန်လုံးတွင် "သကြ်န်မိုး" သီချင်း သီဆိုတီးမှုတ်သံများဖြင့် အားလုံးမြူးကြွပျော်ရွှင်နေရန်ဖြစ်ပါသည်။
- သီချင်းကို ကိုယ်တိုင်သီဆိုတီးမှုတ်ခြင်းဖြင့်လည်းကောင်း၊ အသံဖိုင်ဖွင့်၍လည်းကောင်း စုပေါင်းပြီး သီဆိုတီးမှုတ် လေ့ကျင့်နိုင်ပါသည်။
- "သကြ်န်မိုး" သီချင်းကို ဝါးလတ်စည်းဖြင့် တီးခတ်ရမည်။

**လေ့ကျင့်ရန်လုပ်ငန်းများ**

၁။ အဖွဲ့ လေးဖွဲ့ ဖွဲ့စည်းပြီး ပထမအဖွဲ့က သီချင်းအဆို၊ ဒုတိယအဖွဲ့က ပလွေတီးမှုတ်၊ တတိယအဖွဲ့က စည်းဝါးတီးခတ်၍ ကျန်အဖွဲ့က ကပြကာ "သကြ်န်မိုး" သီချင်းကို စုပေါင်းလေ့ကျင့်ကြရန်ဖြစ်ပါသည်။ ထို့နောက် တစ်ဖွဲ့နှင့် တစ်ဖွဲ့ပြောင်းလဲလေ့ကျင့်ပါ။

၂။ နှစ်ယောက်တစ်တွဲဖြစ်စေ၊ တစ်ယောက်ချင်းဖြစ်စေ ဆက်လက်လေ့ကျင့်သွားရပါမည်။

## ၃-၂ "ဘယ်ပန်းရှီရေးလို့မမီ" သီချင်း

### ၃-၂-၁ "ဘယ်ပန်းရှီရေးလို့မမီ" သီချင်းကို အသံနေအသံထား၊ စည်းဝါးမှန်ကန်စွာ သီဆိုခြင်းနှင့် ဂီတသင်္ကေတကို ရွတ်ဆိုခြင်း

"ဘယ်ပန်းချီရေးလို့မမီ" သီချင်းကို ဆရာက ကိုယ်တိုင်သီဆိုတီးပြသည် သို့မဟုတ် သီချင်းဖွင့်ပြသည်ကို စာသားအားကြည့်၍ သေချာစွာနားထောင်ပါ။ နှစ်ကြိမ်၊ သုံးကြိမ်ခန့် သံစဉ်နားစွဲသည်အထိ နားထောင်ပါ။ သီချင်းစာသားကို ကြည့်ရှုနားထောင်ပြီး သီချင်း၏ အဓိပ္ပာယ်နှင့် တေးသံစဉ်တို့အပေါ် မည်သို့ခံစားရသည်ကို အုပ်စုဖွဲ့၍ ဆွေးနွေးပါ။

ထို့နောက် "ဘယ်ပန်းချီရေးလို့မမီ" သီချင်းအား ဆရာက စည်းဝါးတီးခတ်၍ သီဆိုပြသည် သို့မဟုတ် သီချင်းဖွင့်ပြသည်ကို စည်းဝါးနှင့်အသံနေအသံထားတို့ မှန်ကန်စေရန် ဂရုစိုက်၍ နားထောင်ပါ။ သီချင်းစာသားအားကြည့်၍ ဆရာနှင့်အတူ လေ့ကျင့်သီဆိုပါ။ မိမိတို့ကိုယ်တိုင် လေ့ကျင့်သီဆိုပါ။

ထို့နောက် "ဘယ်ပန်းချီရေးလို့မမီ" သီချင်းကို "ဒို ရေ မီ" သင်္ကေတဖြင့် သီဆိုလေ့ကျင့်ရမည်ဖြစ်သည်။ "ဘယ်ပန်းချီရေးလို့မမီ" သီချင်းအား ဆရာက "ဒို ရေ မီ" သင်္ကေတဖြင့် သီဆိုပြသည် သို့မဟုတ် သီချင်းဖွင့်ပြသည်ကို သေချာစွာနားထောင်ပါ။ သင်္ကေတကိုကြည့်၍ ဆရာနှင့်အတူ ၃ ကြိမ်ခန့် လေ့ကျင့်သီဆိုပါ။ မိမိတို့ကိုယ်တိုင် လေ့ကျင့်သီဆိုပါ။

DRE BOX

### ၃-၂-၃ "ဘယ်ပန်းချီရေးလို့မမီ" သီချင်းကို ပလွေ၊ စည်းဝါး၊ အဆိုတို့ဖြင့် စုပေါင်းသီဆို တီးမှုတ်လေ့ကျင့်ခြင်း

"ဘယ်ပန်းချီရေးလို့မမီ" သီချင်းကို ပလွေဖြင့် တီးမှုတ်ရာတွင် ပို၍ သာယာနာပျော်ဖွယ်ဖြစ်စေရန် စည်းဝါး၊ အဆိုတို့ဖြင့် တွဲဖက် တီးမှုတ်နိုင်ပေသည်။

"ဘယ်ပန်းချီရေးလို့မမီ" သီချင်းကို ဝါးလတ်စည်းဖြင့် တီးခတ်ရသည်။ ဆရာက ဦးဆောင်ပြီး သီချင်းအဆို သို့မဟုတ် သီချင်းဖွင့်ပြကာ စည်းချိန်မှန်မှန်ဖြင့် တီးခတ်ပြရပါမည်။ ဆရာနှင့်အတူ စည်းဝါး သို့မဟုတ် လက်ခုပ်တီးကာ သီဆိုတီးမှုတ် လေ့ကျင့်ကြရပါမည်။

ရှေ့ဦးစွာသီချင်း (Intro)၊ ထို့နောက် ပထမပိုဒ်၊ ဒုတိယပိုဒ်နှင့် တတိယပိုဒ်တို့ကို အဆင့်ဆင့် လေ့ကျင့်ခြင်းဖြင့် သီချင်းတစ်ပုဒ်လုံး စည်းဝါးတီးခတ်ကာ သီဆိုတီးမှုတ်နိုင်ကြမည် ဖြစ်သည်။

**အဓိကအချက်များ**

- ဂီတသင်္ကေတ သင်ခန်းစာတစ်ချိန်လုံးတွင် "ဘယ်ပန်းချီရေးလို့မမီ" သီချင်းကို အားလုံးကြည်နူး ပျော်ရွှင်စွာလေ့ကျင့်ရင်း ကျွမ်းကျင်စွာ တီးမှုတ်နိုင်မည်။
- သီချင်းကို ကိုယ်တိုင်သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ တစ်လှည့်စီလေ့ကျင့်ခြင်းနှင့် စုပေါင်းပြီး သီဆို တီးမှုတ်ခြင်းဖြင့် ကျွမ်းကျင်မှုများရရှိလာနိုင်မည်။

**လေ့ကျင့်ရန်လုပ်ငန်းများ**

၁။ အဖွဲ့ သုံးဖွဲ့ ဖွဲ့၍ ပထမအဖွဲ့က သီချင်းအဆို၊ ဒုတိယအဖွဲ့က ပလွေတီးမှုတ်၊ တတိယအဖွဲ့က စည်းဝါးတီးခတ်ကာ "ဘယ်ပန်းချီရေးလို့မမီ" သီချင်းကို စုပေါင်းလေ့ကျင့်ကြရန် ဖြစ်ပါသည်။ ထို့နောက် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပြောင်းလဲလေ့ကျင့်ပါ။

၂။ နှစ်ယောက်တစ်တွဲဖြစ်စေ၊ တစ်ယောက်ချင်းဖြစ်စေ ဆက်လက်လေ့ကျင့်သွားရပါမည်။

## ၃-၃ အထွေထွေဗဟုသုတ

### ၃-၃-၁ ဝန်ကြီးပဒေသရာဇာ

ဝန်ကြီးပဒေသရာဇာကို မြန်မာသက္ကရာဇ် ၁၀၄၅ ခုနှစ်ခန့် အင်းဝဘုရင်၊ အင်္ဂါမင်းလက်ထက်တွင် ဖွားမြင်ခဲ့သည်ဟု မှန်းဆရပါသည်။ သာမန်လက်အောက်ငယ်သားများ ရခဲလှသော ရာဇတပ်ဘွဲ့ ဖြစ်သည့် ပဒေသရာဇာဘွဲ့ကို ချီးမြှင့်ခြင်းခံခဲ့ရသူ စာဆိုကျော်ကြီးလည်းဖြစ်သည်။

၁၀၆၀ ပြည့်နှစ် စနေမင်းလက်ထက်တွင် စုရေးစုကိုင်အဖြစ် ထမ်းရွက်နေစဉ် ကဗျာသီချင်းများကို ရေးသားဆက်သွင်းခဲ့ရာ လက်ဝဲရွှေတောင်ဘွဲ့နှင့်အတူ မန်ကျည်းတုံရွာကို အပိုင်စားအပ်နှင်းခဲ့သည်။